
Inya
Economics

# ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပြည်မအခြေပြု ပါတီများ၏ ကတိကဝတ်များအား ထည့်သွင်းစဉ်းစားခြင်း


THE PANGLONG AGREEMENT

Dated Panglong, the 12th.
February 1947.

THE PANGLONG AGREEMENT, 1947.

A Conference having been held at Panglong, attended by certain Members of the Executive Council of the Governor of Burma, all Saohpas and representatives of the Shan States, the Kachin Hills and the Chin Hills :

The Members of the conference, believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government :-

The Members of the Conference have accordingly, and without dissentients, agreed as follows :-

1. A Representative of the Hill Peoples, selected by the Governor on the recommendation of representatives of the Supreme Council of the United Hill Peoples (SCOUHP), shall be appointed a Counsellor to the Governor to deal with the Frontier Areas.

2. The said Counsellor shall also be appointed a Member of the Governor's Executive Council, without portfolio, and the subject of Frontier Areas brought within the purview of the Executive Council by Constitutional Convention as in the case of Defence and External Affairs. The Counsellor for Frontier Areas shall be given executive authority by similar means.

3. The said Counsellor shall be assisted by two Deputy Counsellors representing races of which he is not a member. While the two Deputy Counsellors should deal in the first instance with the affairs of their respective areas and the Counsellor with all the remaining parts of the Frontier Areas, they should by Constitutional Convention act on the principle of joint responsibility.

4. While the Counsellor, in his capacity of Member of the Executive Council, will be the only representative of the Frontier Areas on the Council, the Deputy Counsellors shall be entitled to attend meetings of the Council when subjects pertaining to the Frontier Areas are discussed.

5. Though the Governor's Executive Council will be augmented as agreed above, it will not operate in respect of the Frontier Areas in any manner which would deprive any portion of these Areas of the autonomy which it now enjoys in internal administration. Full autonomy in internal administration for the Frontier Areas is accepted in principle.

6. Though the question of demarcating and establishing a separate Kachin State within a Unified Burma is one which must be relegated for decision by the Constituent Assembly, it is agreed that such a State is desirable. As a first step towards this end, the Counsellor for Frontier Areas and the Deputy Counsellors shall be consulted in the administration of such areas in the Myitkyina and the Bhamo Districts as are Part II Scheduled Areas under the Government of Burma Act of 1935.

7. Citizens of the Frontier Areas shall enjoy rights and privileges which are regarded as fundamental in democratic countries.

8. The arrangements accepted in this Agreement are without prejudice to the financial autonomy now vested in the Federated Shan States.

9. The arrangements accepted in this Agreement are without prejudice to the financial assistance which the Kachin Hills and the Chin Hills are entitled to receive from the revenues of Burma, and the Executive Council will examine with the Frontier Areas Counsellor and Deputy Counsellors the feasibility of adopting for the Kachin Hills and the Chin Hills financial arrangements similar to those between Burma and the Federated Shan States.

Shan Committee. | Kachin Committee. | Burmese Government.

Saohpalong of Tawngpeng State. | (Sinwa Nawng, Myitkyina) | 
Saohpalong of Yawnghwe State. | (Zau Rip, Myitkyina)
Saohpalong of North Hsenwi State. | (Dinra Tang, Myitkyina)
Saohpalong of Laihka State. | (Zau La, Bhamo.)
Saohpalong of Mong Pawn State. | (Zau Lawn, Bhamo)
Saohpalong of Hsamonghkam State. | (Labang Grong, Bhamo)

Representative of Hsahtung Saohpalong.

(Khun Pung)

(U Tin E) (U Htun Myint)
(U Kya Bu) (Khun Saw)
(Sao Yape Hpa) (Khun Htee)

Chin Committee.

(U Hlur Hmung, ATM, IDSM, M.B.E., Falam.)
(U Thawng Za Khup, ATM, Tiddim.)
(U Kio Mang, ATM, Haka)

# ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပြည်မအခြေပြု ပါတီများ၏ ကတိကဝတ်များအား ထည့်သွင်းစဉ်းစားခြင်း

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ နီးကပ်လာသည်နှင့်အမျှ အဆိုပါရွေးကောက်ပွဲအတွက် ပြည်မအခြေပြုပါတီများ၏ ရွေးကောက်ပွဲဆိုင်ရာကတိကဝတ်များ၊ စဉ်းစားချက်များကို အောက်ဖော်ပြပါ ကဏ္ဍအသီးသီးခွဲ၍ လေ့လာထားပါသည်။

- နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ
- ပြည်သူ့မူဝါဒရေးရာဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ
- တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ
- စနစ်ပိုင်းဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ
- စီးပွားရေးဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ
- လူမှုရေးဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ
- နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ
- ဖက်ဒရယ်အရေးနှင့် ပြည်နယ်များ၏အခွင့်အရေးဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ
- မြေယာအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတအရင်းအမြစ်များဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ

ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရက်စီအင်အားစုပါတီ၊ အမျိုးသားတိုးတက်ရေးပါတီ၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်သူ့ပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီတို့သည် လေ့လာမှုတွင်ပါဝင်ခဲ့သည့်ပါတီ များဖြစ်သည်။

ထို့ပြင် ဤလေ့လာမှုတွင် ပါဝင်သော အချက်အလက်များသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလအထိ ပါတီခေါင်းဆောင်များ၊ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်များအား အင်တာဗျူးမေးမြန်းရာမှ ရရှိသော သက်ဆိုင်ရာ ပါတီအသီးသီး၏ ရွေးကောက်ပွဲဆိုင်ရာ မူဝါဒများကို စုစည်းဖော်ပြထားခြင်းသာဖြစ်ပြီး အင်းလျားဘောဂ ဗေဒအဖွဲ့၏ အာဘော်များ မပါရှိပါကြောင်း တင်ပြအပ်ပါသည်။

## ဒီမိုကရက်တစ်ပါတီ (မြန်မာ)

### နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

- မိမိတို့ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်သူများ လွှတ်တော်တွင် ရရှိပါက ပထမဦးစားပေးမှာ အစိုးရအား လွှတ်တော်မှ အထိန်းအထေပြုရန် ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်ရေးထက် တည်ငြိမ်ရေးကို မိမိတို့ ပို၍ အလေးထားသည်။ နိုင်ငံရေးအရ အုပ်ချုပ်ရေးဘက်က အခွင့်ပိုရခြင်းကြောင့် ပြည်သူလူထုအတွက် သာသော အခွင့်အရေးက မရှိ။ တိတိကျကျဆိုလျှင် Right to Recall သည် မဲဆန္ဒရှင် ပြည်သူများ၏ အခွင့်အရေး နိုင်ငံသားများ၏ အခွင့်အရေး ဖြစ်ပါသည်။

- တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြင်ဆင်ရန် လိုအပ်နေသည့်အတွက် အရည်အချင်းရှိသော နိုင်ငံရေးသမားများ၊ ဥပဒေကျွမ်းကျင်သူများအား လွှတ်တော်ထဲ ရောက်စေချင်သည်။ အဘယ်ကြောင့်ဆိုသော် တည်ဆဲ အခြေခံဥပဒေအရ လူထု၏ ဒီမိုကရေစီ ခံစားနိုင်မှုသည် ၄၀ရာခိုင်နှုန်းသာ ရှိသေးပြီး အုပ်ချုပ်သည့် အစိုးရလက်ဝယ် ၆၀ရာခိုင်နှုန်း တည်နေပါသည်။

- ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၆က Right to Recall အား အတည်ပြုပါသည်ဟု ဆိုသော်လည်း ပုဒ်မ ၃၉၇တွင်မူ လွှတ်တော်က မလုပ်မနေ လုပ်ရပါမည်ဟု ဖော်ပြပြန်ပါသည်။ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ မီဒီယာနှင့် ပြည်သူဟူ၍ မဏ္ဍိုင်ကြီး ငါးရပ် ရှိရာဝယ် မီဒီယာသည် အတွေ့အကြုံ နည်းသဖြင့် အားနည်းပါသည်။

- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄အရ အချုပ်အခြာအာဏာသည် လူထုလက်ဝယ် ရှိသည်ဟု ဆိုသော်လည်း စာရွက်ပေါ်မှာသာ ရှိသေးပြီး လက်တွေ့တွင် မရှိပါ။ အခြေခံဥပဒေပုဒ်မ ၃၈ (က) အရ ရွေးကောက်တင်မြောက်ခွင့် ရှိသည်ဆိုပါက ကိုယ်စားပြုမှုအား ပြန်လည်ရုပ်သိမ်းပိုင်ခွင့်လည်း ရှိရမည်။

- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၁ သည် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးမှ ပုဂ္ဂိုလ်များအား ပြည်သူလူထု၏ တရားစွဲဆိုပိုင်ခွင့်ကို ပိတ်ပင်ထားပါသည်၊ ရလဒ်အနေဖြင့် လူထုသည် ရွေးကောက်ခံပုဂ္ဂိုလ်များအား ထိန်းကျောင်းမှု မပြုနိုင်ပါ။ ထို့ကြောင့် ပုဒ်မ ၄၅၁အား ပြင်ဆင်လိုက်လျှင် လူထု၏ ရပိုင်ခွင့်နှင့်အညီ လူထုသည် ရွေးကောက်ခံများအား ထိန်းကျောင်းနိုင်ပါမည်။

- အခြေခံဥပဒေပုဒ်မ ၂၁ ဃ တွင် ပြည်သူတို့၏ အခွင့်အရေးနှင့် တာဝန်များအား လိုအပ်သလို ပြဋ္ဌာန်းပေးရမည် ဖြစ်ကြောင်း ပါရှိပါသည်။ အဆိုပါပြဋ္ဌာန်းချက်ကို အသုံးပြုလျက် ပြည်သူတို့၏ ရပိုင်ခွင့်များအား ဥပဒေပြဋ္ဌာန်းနိုင်သည်ဖြစ်ရာ ထိုသို့ ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းမှုများသည် နိုင်ငံသားများ လူဖြစ်ရကျိုးနပ်စေရန်နှင့် နိုင်ငံသားအခွင့်အရေး ခံစားနိုင်စေရန် ဖြစ်သည်။

- ပုဒ်မ ၂၁၉၊ ပုဒ်မ ၁၀၈၊ ပုဒ်မ ၂၀၉ (က) (ခ)နှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေ ပုဒ်မ (က)(ခ) တို့ကို ပြင်ဆင်ရန် ကြိုးစားပါမည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား သက်တမ်း မပြဋ္ဌာန်း ထားခြင်းကြောင့် ရွေးကောက်ပွဲအနိုင်ရအစိုးရများသည် ကော်မရှင်ခန့်အပ်ရာတွင် ရွေးကောက်ပွဲဆိုင်ရာ မသမာမှု ဘက်လိုက်မှုများ ဖြစ်နိုင်ချေ များပါသည်။ ကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်သူအား အသက် ၇၀အထိ တာဝန်ထမ်းဆောင်ရမည်ဟု သတ်မှတ်သော် ရွေးကောက်ပွဲအဆက်ဆက်အား အဆိုပါပုဂ္ဂိုလ်က တာဝန်ယူ ကျင်းပမည် ဖြစ်သည်။ အဆိုပါပြုပြင်ပြောင်းလဲမှုမျိုးအတွက် ပါတီက လှုပ်ရှားပါမည်။

- အရေးကြီးသော အခြေခံဥပဒေခုံရုံးတွင် သမ္မတက သုံးဦး၊ ပြည်သူ့လွှတ်တော်က သုံးဦးနှင့် အမျိုးသားလွှတ်တော်က သုံးဦး ရွေးချယ်ဖွဲ့စည်းသဖြင့် တစ်ပါတီတည်းသာ အနိုင်ရလာသော် အကျိုးဆက်များအား စိုးရိမ်မိပါသည်။ ထို့ကြောင့် အခြေခံဥပဒေခုံရုံးအဖွဲ့ဝင်များကိုလည်း တရားစီရင်ရေးမှာကဲ့သို့ ခန့်ထားရန် ပြောင်းလဲပါမည်။ ထို့အပြင် ရွေးကောက်ပွဲစနစ်တွင်လည်း မိမိတို့သည် PR (Proportional Representation- အချိုးကျ ကိုယ်စားပြုစနစ်) စနစ်ကို ပြောင်းလဲသုံးစွဲရန် ပြုပြင်ပြောင်းလဲပါမည်။

**ပြည်သူ့မူဝါဒရေးရာဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- မသန်စွမ်းသူများအတွက် အထောက်အကူပြုနိုင်မည့် အများသုံးသယ်ယူပို့ဆောင်ရေး၊ ပလက်ဖောင်းများ၊ လူကူးမျဉ်းကျားများနှင့် အခြေခံအဆောက်အအုံများရှိရန်။

- ဝင်ငွေနှင့်အခွန်အကြား နှစ်ဖက်ညီမျှမှုရှိရန်။

**တရားဥပဒေစိုးမိုးရေးနှင့် တရားရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- တရားဥပဒေစိုးမိုးရေးနှင့် တရားရေးစနစ်ကို အကောင်အထည်ဖော်ရန်
- ကျူးလွန်သောပြစ်မှုအတွက် မျှတသောပြစ်ဒဏ်ပေးရန် (ဥပမာ - ဖုန်းအားသွင်းနေစဉ်အတွင်း မီးလောင်မှု၊ ကားတာယာကြောင့် ကားမတော်တဆမှု)

**စနစ်ပိုင်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ၎င်းသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ ပြည်သူ့ဝန်ဆောင်မှု၊ တရားစီရင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့နှင့် သက်ဆိုင်သည်။

**စီးပွားရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- စီးပွားရေးတွင် ပါတီက ဒီမိုကရက်တစ်ဆိုရှယ်လစ်ပုံစံ စီးပွားရေးမူဝါဒများကို လိုက်နာကျင့်သုံးပါသည်။ လွယ်လွယ်ဆိုရလျှင် ကိန်းစ်ဘောဂဗေဒအယူအဆ စီးပွားရေးမူဝါဒများကို လက်ခံပါသည်။
- အစိုးရများသည် စီပွားရေးမူဝါဒဟုဆိုလျှင် နှစ်ရှည် နှစ်လတ်စီမံကိန်းများ ရှိသင့်ပါသည်။ အရေးကြီးသောကဏ္ဍများကို အစိုးရက ထိန်းချုပ်ပြီး ကျန်သောကဏ္ဍများကို ပုဂ္ဂလိက၊ အစိုးရနှင့် သမဝါယမစနစ်ဖြင့် မောင်းနှင်သင့်ပါသည်။ နယ်ဘက်တွင် လယ်လုပ်က စုပေါင်းလယ်ယာလုပ်ခြင်းသည် တစ်ယောက်ချင်းလယ်လုပ်ခြင်းထက် ပိုမိုကောင်းမွန်ပါသည်။ ကုန်သည်က ဈေးကစားခြင်း မပြုနိုင်စေရန် ပါတီက ရည်ရွယ်ပါသည်။ ဥရောပတွင် အောင်မြင်သော သမဝါယမစနစ်ကို စံနမူနာယူလျက် အစိုးရချုပ်ကိုင်မှုမရှိသော ကိုယ်ပိုင်စီမံအုပ်ချုပ်မှု အပြည့်ရသော သမဝါယမစနစ်အား ပါတီက မူဝါဒပိုင်းတွင် ဦးစားပေး ထားပါသည်။
- အလုပ်သမားဝန်ထမ်းများအတွက် လူမှုဖူလုံရေးနှင့် သက်သာချောင်ချိရေးအတွက် စိုက်ထုတ်ကျခံသော စီးပွားရေးလုပ်ငန်းများအား အခွန်လျှော့ချကောက်ခံသောစနစ်အား ကျင့်သုံးပါမည်။ (ဥပမာ- အလုပ်သမားဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ယာ ဆောက်လုပ်ပေးခြင်း မသန်စွမ်းသူများအား အလုပ်ပေးခန့်ထားခြင်း) ထို့အပြင် စီးပွားရေးလုပ်ငန်းများအနက် အများပိုင်ကုမ္ပဏီများအား ဦးစားပေးပါမည်။
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလက်မှုဆိုင်ရာ သက်မွေး အထက်တန်းကျောင်းများ ပေါ်ထွန်းရေးအတွက် တွန်းအားပေးပါမည်။ အဆိုပါ အလုပ်သင် အထက်တန်းကျောင်းများအား သက်ဆိုင်ရာ လုပ်ငန်းခွင် အနီးတဝိုက်တွင် ဖွင့်လှစ်ပေးခြင်းဖြင့် အဆိုပါကျောင်းများ တက်ရောက်သည့် လုပ်သားလောင်းများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမို သေချာစေပြီး လုပ်ငန်းများအတွက်လည်း လိုအပ်သော လုပ်သားရရှိနိုင်ရန် ပိုမို လွယ်ကူစေနိုင်ပါသည်။ စက်မှုဇုန်ကြီးများအနီးတွင်ပင် စက်မှုအတတ်သင်ကျောင်းများ ဖွင့်လှစ်စေခြင်းမျိုးအား ဥပမာပေးပါသည်။ နိုင်ငံစီးပွားရေးတိုးတက်ရန် အသက်မွေးဝမ်းကြောင်းပညာသင်ကျောင်းများ အမြောက်အမြား လိုအပ်ပါသည်။
- စိုက်ပျိုးမွေးမြူရေးကျောင်းများအား ခရိုင်မြို့ကြီးတိုင်းတွင် ဖွင့်လှစ်စေချင်ပါသည်၊ လုပ်ငန်းများအား သီးခြားစီ မဟုတ်ဘဲ ပူးတွဲစေခြင်းအားဖြင့် အလုပ်အကိုင် ပိုမိုပေါများစေနိုင်ပါသည်။ ဥပမာ လယ်သမားများသည် စိုက်ပျိုးရေးရာသီ ၃လ ပြီးလျှင် တနိုင်တပိုင် ရက်ကန်းများပါ လယ်သမားတို့ ဝင်ငွေ တိုးတက်စေနိုင်သည်။
- လုပ်ငန်း စတင် လုပ်ကိုင်ရန် လိုအပ်သော ရင်းနှီးငွေကို ဘဏ်များက ချေးငွေထုတ်ပေးရမည်။ ချေးငွေသက်တမ်းသည် အနိမ့်ဆုံး ၁၀နှစ် ဖြစ်ရပါမည်။ ၁၀နှစ်မှ အနှစ်၂၀ အနှစ်၃၀ ထုတ်ချေးပါမှ လုပ်ငန်းများ တိုးတက်လာပါမည်။

- အခွန်များသည် နိုင်ငံတော်ဘက်ဂျက်ထဲ အမှန်တကယ် ဝင်ရောက်ခြင်း ရှိမရှိ စိစစ်ကြပ်မတ်ရမည်။ လာဘ်ပေးလာဘ်ယူများမှ နိုင်ငံတော်က ရသင့်သော အခွန်ရငွေများ ဆုံးရှုံးခြင်း မရှိစေရန် စစ်ဆေးကြည့်ရှုရမည်။

- ယခုအခါ အခွန်များများ ဆောင်သူများအား အစိုးရသည် ဘွဲ့ထူးဂုဏ်ထူးများပေးအပ်နေသည်။ အစိုးရသည် ပညာရေး၊ ကျန်းမာရေးအတွက် ရန်ပုံငွေများ ထူထောင်နိုင်သည်။ အဆိုပါရန်ပုံငွေများမှ တဆင့် ဆင်းရဲနွမ်းပါးသူများအတွက် ၎င်းတို့၏ ပညာရေး ကျန်းမာရေးအခြေအနေကို မြှင့်တင်ပေးနိုင်သည်။

**လူမှုရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- မိုဘိုင်းဖုန်းအခွန်ကို ပညာရေးတွင် ဆက်လက်သုံးစွဲမည်။

- အရက်အခွန်၊ ဆေးလိပ်အခွန်၊ ပွဲစသည် အခွန်တို့အား ကျန်းမာရေးစောင့်ရှောက်မှုတွင် အသုံးပြုပါမည်။

**နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- နိုင်ငံခြားရေး၊ တိုင်းပြည်၏ ဘဏ္ဍာရေး နှင့် စစ်ရေးအခြေအနေတို့သည် သုံးချောင်းထောက်သဖွယ် ဆက်စပ်နေသည်။ စီးပွားရေးအင်အားကြီးမှ တိုင်းပြည်အင်အားကြီးပါမည်။ အလားတူ စစ်ရေးလက်နက်အခြေအနေသည်လည်း အရေးပါပါသည်။

**မြေယာနှင့် သဘာဝ သယံဇာတ**

- နိုင်ငံ၏ မြေထု ရေထု လေထုအား နိုင်ငံတော်က ပိုင်ဆိုင်ကြောင်း ဖွဲ့စည်းပုံတွင် ပြဌာန်းထားပါသည်။ ဤအရေးအား တဖြည်းဖြည်း ဖြေထုတ်ယူရမည်။

## အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီ

**နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏အရေးကို အခြေခံသော အမျိုးသားရေးဝါဒကို ကျင့်သုံးပြီး ပါတီစုံ ဒီမိုကရေစီစနစ်အား လက်ခံကျင့်သုံးမည်။

- ပြည်သူတစ်ရပ်လုံးအပေါ် ကျရောက်လာနိုင်သည့် မည်သည့်ဘေးအန္တရာယ်များကိုမဆို လူမှုအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ကာ လူမှုအဖွဲ့အစည်းတစ်ရပ်လုံး အေးချမ်းသာယာစေမည့် တစ်မျိုးသားလုံး၏လုံခြုံရေးအတွက် တက်ကြွစွာဆောင်ရွက်မည်။

- တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် တပ်မတော်၊ မျိုးချစ်အင်အားစုများ၊ နိုင်ငံရေးပါတီများနှင့် ပူးပေါင်းဆောင်ရွက်မည်။

- တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို အမျိုးသားရေးအမြင်ဖြင့် ကာကွယ်စောင့်ရှောက်မည်။

**အုပ်ချုပ်ရေးဆိုင်ရာ ကတိကဝတ်များ**

- ပြည်သူ့အကျိုးစီးပွားကို ရှေ့ရှုသော အုပ်ချုပ်ရေးယန္တရားတစ်ရပ်ကို လက်တွေ့ကျကျ ဖော်ဆောင်မည်။

- ဥပဒေနှင့်အညီ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်မည်။

- ပြည်သူဘဝ လုံခြုံမှုရရှိစေရေးအတွက် အလေးထားဆောင်ရွက်မည်။

**ပြည်သူ့မူဝါဒရေးရာဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ဘွဲ့ရပညာတတ်များသည် မိမိ၏ ပညာအရည်အချင်းနှင့်အညီ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ဆောင်ရွက်သွားမည်။ နိုင်ငံခြားရင်းနှီးမြုပ်နှံမှုများကို စည်းရုံးဖိတ်ခေါ်၍ အလုပ်ရုံ၊ စက်ရုံများ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပြီး နိုင်ငံသားများ၏ အလုပ်အကိုင် အခွင့်အလမ်းများကို မိမိတတ်ကျွမ်းသည့် အရည်အချင်းများနှင့်အညီ ထိုက်တန်သော အလုပ်ကို ရှာဖွေပေးသွားမည်။ ပြည်ပသို့ထွက်၍ ဆင်းရဲပင်ပန်းစွာလုပ်ကိုင်နေကြရသော နိုင်ငံသားများကို ပြန်လည်ခေါ်ယူ၍ မိမိနိုင်ငံအတွင်းမှာပင် ဝင်ငွေကောင်းမွန်စွာဖြင့် လုပ်ကိုင်နိုင်စေရန် ကူညီဆောင်ရွက်ပေးသွားမည်။

**တရားဥပဒေစိုးမိုးမှုနှင့် တရားရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- အကျင့်စာရိတ္တပြုပြင်မှုကို ရှေးရှုသော ပြစ်ဒဏ်ချမှတ်ရေးမူကို ကျင့်သုံးစေရမည်။

- ဥပဒေ၏အထက်တွင် မည်သူမျှမရှိစေရဟူသော မူဝါဒကို အခိုင်အမာကျင့်သုံးပြီး နိုင်ငံသားတိုင်းသည် ဥပဒေရှေ့မှောက်တွင် တန်းတူအခွင့်အရေး ရရှိစေရမည်။

- ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့် ရှိစေရမည်။ နိုင်ငံသားတိုင်း ဥပဒေကို သိရှိနားလည်စေရန် ဆောင်ရွက်သွားမည်။

**စစ်ရေးမူဝါဒ**

- "နိုင်ငံတော်၏ လက်နက်ကိုင်အဖွဲ့အစည်းအဖြစ် တပ်မတော်တစ်ခုတည်းသာ ထားရှိရေး" မူဝါဒကို ကျင့်သုံးမည်။

- မည်သည့်နိုင်ငံခြား လက်နက်ကိုင်တပ်ဖွဲ့ များကိုမျှ မြန်မာ့မြေပေါ်တွင် အခြေချရပ်တည်ခွင့်မပြု။ နိုင်ငံတော်နှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုလည်းကောင်း၊ နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်ကိုလည်းကောင်း အန္တရာယ်ပြုထိခိုက်လာလျှင် တပ်မတော်မှ ကာကွယ် သွားမည်ဖြစ်ပြီး လိုအပ်ပါက ပြည်သူများနှင့်အတူ ပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံး၍ ကာကွယ်သွားမည်။

- တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့်လည်း လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ နိုင်ငံတော်နှင့် မိမိတို့ ဒေသဆိုင်ရာဖွံ့ဖြိုးရေးများအတွက် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လာစေရန် ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်။

**စနစ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးမည့် ဥပဒေများပေါ်ပေါက်လာစေရန် ဆောင်ရွက်မည်။

- ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးခြင်းမပြုနိုင်သော ဥပဒေများကို ဖျက်သိမ်းခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်မည်။ ။

- နိုင်ငံတော်၏ လုံခြုံရေး၊ အမျိုးသားလုံခြုံရေးနှင့် စပ်လျဉ်းသည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊

အသစ်ပြဌာန်းခြင်းများကိုဆောင်ရွက်သွားမည်။

**စီးပွားရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုအပေါ် ဝန်ထုပ်၊ ဝန်ပိုးဖြစ်စေမည့် အခွန်ကောက်ခံမှုစနစ်ကို စိစစ် ဆောင်ရွက်သွားမည်။
- နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ နိုင်ငံခြားပိုင် ပြည်တွင်းဘဏ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးကူညီမည်။
- ဈေးကွက်စီးပွားရေးနှင့်အညီ စက်မှုကုန်ကြမ်းသီးနှံများ ထုတ်လုပ်ရေး၊ စားသောက်ကုန်တိုးမြှင့် ထုတ်လုပ်ရေးနှင့် စက်မှုလယ်ယာကဏ္ဍ တိုးတက်မြင့်မားစေရန် စီမံဆောင်ရွက်မည်။
- ငွေကြေးတန်ဖိုး ခိုင်မာတည်ငြိမ်မှုရှိစေရန်၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဦးစားပေးဆောင်ရွက်မည်။
- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးမြင့်လာရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော အဆောက်အအုံများ တိုးမြှင့်ဖော်ဆောင်သွားမည်။
- စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များ၊ ပြည်တွင်းပြည်ပဈေးကွက်တွင် မျှတသည့် ဈေးနှုန်း ရရှိစေရန် ဦးစားပေးဆောင်ရွက်မည်။
- နိုင်ငံသားတိုင်းရင်းသားများ၏ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုး တိုးတက် အောင် ဆောင်ရွက်မည်။
- လျှပ်စစ်စွမ်းအင် တိုးမြှင့်ထုတ်လုပ်မည်။
- မြန်မာနိုင်ငံသုံး ကျပ်ငွေတန်ဖိုးကျဆင်းမှုနှင့် ငွေကြေးဖောင်းပွမှုများကို ကာကွယ်ရန် နိုင်ငံတကာမှ အသိအမှတ်ပြု လက်ခံသော ခိုင်မာသည့် ငွေကြေးစနစ်ကို ထူထောင်၍ ဘဏ်လုပ်ငန်းများကိုလည်း ကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်ရန် ကြိုးပမ်းသွားမည်။

**လူမှုရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- အလုပ်သမား၊ တောင်သူလယ်သမားများ အရည်အသွေး တိုးတက်စေရန်အတွက် သက်မွေးပညာရပ်များ၊ နည်းပညာများ၊ လုပ်ငန်းခွင်ပညာပေးအစီအစဉ်များကို စီမံဆောင်ရွက်ပေးမည်။
- တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းစဉ်လာများ တိမ်ကောပျောက်ကွယ်မှု မရှိစေရေးအတွက် စောင့်ရှောက်မည်။
- အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံမှုရှိစေရန် ဦးစားပေးဆောင်ရွက်မည်။
- ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေး၊ ပညာရေး၊ အိုးအိမ်၊ အလုပ်လက်မဲ့ထောက်ပံ့မှု ပင်စင်ခံစားခွင့်စသည့် အခြေခံအခွင့်အရေးများ ပါဝင်ခံစားနိုင်သော လူမှုဖူလုံရေး အကျိုးခံစားခွင့်ရရှိစေရေး ဆောင်ရွက်မည်။

**ပညာရေးဆိုင်ရာ ကတိကဝတ်များ**

- မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍမြင့်မားရေးအတွက် မူဝါဒသစ်တစ်ရပ် ပြဌာန်းရေးဆွဲဆောင်ရွက်သွားမည်။

- နိုင်ငံတကာမှ အဆင့်မြင့် နည်းပညာများရရှိနိုင်ရန် ပညာတော်သင်များ စေလွှတ်နိုင်ရေး ဆောင်ရွက်မည်။
- အခြေခံအလုပ်သမား တောင်သူလယ်သမားများအတွက် အသက်မွေးပညာရပ်များ အဆင့်အတန်းမြင့်မားရေးအတွက် စီမံဆောင်ရွက်ပေးမည်။ ပညာရေးကဏ္ဍအတွက် အသုံးစရိတ်တိုးမြှင့် သတ်မှတ်ပေးမည်။

**ကျန်းမာရေးဆိုင်ရာ ကတိကဝတ်များ**

- တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအား အဆင့်အတန်းမီသည့် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရေးအတွက် စီမံဆောင်ရွက်မည်။
- လူဦးရေအလိုက် ကျန်းမာရေးဝန်ထမ်းများ အချိုးညီအောင် ဦးစားပေးဆောင်ရွက်မည်။ ကျန်းမာရေးကဏ္ဍအတွက် အသုံးစရိတ်တိုးမြှင့်သုံးစွဲမည်။
- တိုင်းရင်းဆေးပညာကဏ္ဍ တိုးတက်စေရန် အလေးထားဆောင်ရွက်မည်။

**နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးလာနိုင်သည့် မည်သည့်နိုင်ငံ၊ အဖွဲ့အစည်း၏ ကျူးကျော်၊ ရန်စ၊ ခြိမ်းခြောက်မှုဟူသမျှကို လက်သင့်မခံ ကာကွယ်တွန်းလှန် တုန့်ပြန်မည်။
- လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမည်။
- ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို အခြေခံလျက် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေ့ရှုသည်။
- နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးသောဆက်ဆံမှုကို တည်ထောင်ပြီး အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ခိုင်မြဲကောင်းမွန်သော ဆက်ဆံရေးကို မြှင့်တင်ဆောင်ရွက်မည်။
- ကုလသမဂ္ဂ၊ အာဆီယံ၊ ဘင်းမ်စတက်စသည့် အသင်းအဖွဲ့ကြီးတို့၏ လှုပ်ရှားမှုတွင် တက်ကြွစွာ အထောက်အကူပြု ပါဝင်လှုပ်ရှားမည်။
- မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့အစည်းနှင့် နိုင်ငံများတွင်ပါဝင်မှု၊ ပူးတွဲစစ်ရေးလေ့ကျင့်မှု၊ စစ်ရေးအထောက်အပံ့ နှင့် ခေတ်မီနည်းပညာရယူဖလှယ်မှု အစီအစဉ်များကို နိုင်ငံတော်၏ ကာကွယ်ရေးမူဝါဒနှင့် လျော်ညီစွာ အကောင်အထည်ဖော်ကျင့်သုံးသွားမည်။

## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

**နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- အဓိကအချက်မှာ ၂၀ဝ၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်စေ၊ အသစ်ရေးဆွဲသော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်စေ ဒီမိုကရေစီနှင့် ဖယ်ဒရယ်ပြည်ထောင်စုကို အခြေခံသော အနှစ်သာရရှိသည့် ဖယ်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေး ဖြစ်ပါသည်။

- နိုင်ငံရေးစံတန်ဖိုးများအရ ဒီမိုကရေစီဘောင်တိုးချဲ့ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အနှစ်သာရအရ ပြောင်းလဲနိုင်ရေးနှင့် ငြိမ်းချမ်းရေးတို့ကို ဆောင်ရွက်သွားပါမည်။ ဒီမိုကရေစီအရေးများ မျှမျှတတ မရှိလျှင်၊ အမျိုးသားတန်းတူရေး မရှိလျှင် ငြိမ်းချမ်းရေး မရနိုင်ပါ။ ပါတီနှင့် ယုံကြည်ချက်ချင်းတူသော မဟာမိတ်အဖွဲ့များနှင့် ပူးပေါင်း ကြိုးစားသွားပါမည်။

- အဓိကဦးစားပေးမှာ တပ်မတော်သားကိုယ်စားလှယ် ၂၅ရာခိုင်နှုန်းသည် ဒီမိုကရေစီအတွက် အကြီးမားဆုံး ဖြစ်နေသဖြင့် သူ့နေရာသူ ပြန်ဖို့ ဖြစ်ပါသည်။

- တိုင်းပြည်သည် ငြိမ်းချမ်းရေး မရသေးသည့်အတွက် ငြိမ်းချမ်းရေးကိစ္စ၊ ဒီမိုကရေစီရေးကိစ္စ၊ လူ့အခွင့်အရေး၊ ဖယ်ဒရယ်ပြည်ထောင်စုနှင့် လူမှုတရားမျှတမှုတို့ကို ဆောင်ရွက်သွားပါမည်။

- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြုပြင်ပြောင်းလဲရန် (သို့မဟုတ်) ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ် ရေးဆွဲရန် ပြည်သူအားလုံးက မျှော်လင့်ပါသည်။ ၂၀၀၈ အခြေခံဥပဒေအရ လက်တွေ့တွင် မဖြစ်နိုင်လျှင် မည်သို့သော အခြေအနေမျိုးသည် ပြည်သူ့လိုလားချက်အတွက် အလုပ်ဖြစ်နိုင်ကြောင်း (ရွေးကောက်ပွဲတွင် အနိုင်ရမည် ဆိုပါက) အနိုင်ရပါတီလွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် ပြောကြားခွင့် ရပါမည်

- (အနိုင်ရမည်ဆိုပါက) အနိုင်ရပါတီလွှတ်တော်ကိုယ်စားလှယ်များသည် အပြောင်းအလဲ တစ်ခုလုံးအတွက် လုပ်ကိုင်နိုင်ခွင့်မှာ မသေချာသော်လည်း တိုင်းရင်းသားပြည်သူများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူရေးအတွက် အသံကျယ်ကျယ် ပြောခွင့် ရလာပါမည်။

## ပြည်သူ့မူဝါဒရေးရာဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

- ပါတီအလံတွင် ပါသည့်ကြယ်များအနက် ရှေ့ဆုံးကြယ်သည် အလုပ်သမားများကို ကိုယ်စားပြုပါသည်။ အလုပ်သမားဥပဒေပြဋ္ဌာန်းထားပြီး ဖြစ်ပြီး အလုပ်သမားများသည် ၎င်းတို့ မတရားခံရသောကိစ္စများကို တရားဝင် ပြောခွင့်ရခြင်း၊ အလုပ်သမား အခြေခံလစာများကို နှစ်စဉ်သတ်မှတ်ခြင်း၊ မိသားစုတစ်စုအတွက် ဖူလုံသော အလုပ်သမား အခြေခံလစာကို သတ်မှတ်ပေးခြင်းတို့အား အလုပ်သမားများအတွက် ဆောင်ရွက်ရပါမည်။ ဥပဒေတွင် အချို့အချက်များသည် ပြဋ္ဌာန်းပြီး ဖြစ်သော်လည်း အလုပ်သမားများ လက်ရှိခံစားရသည့် ခံစားခွင့်များကာ လိုအပ်ဆဲ ဖြစ်သည်။

- တောင်သူလယ်သမားကဏ္ဍတွင် ပြဋ္ဌာန်းပြီးဥပဒေများအနက် မြေယာမူဝါဒတွင် တောင်သူလယ်သမား ကာကွယ်စောင့်ရှောက်ရေးဥပဒေပါ လယ်သမား ဖွင့်ဆိုချက်သည် လယ်သမားတို့၏ မြေယာများအား မြေပိုင်ရှင်ကြီးများ လက်သို့ ထိုးအပ်ရမည်နှယ် အဓိပ္ပါယ်သက်ရောက်နေပါသည်။ အဆိုပါ ပြဋ္ဌာန်းချက်မျိုးအား ပြောင်းလဲရန် လိုအပ်ပါသည်။ လယ်သမားသမဂ္ဂများ လိုအပ်ပါသည်။ လွှတ်တော်ထဲ ဝင်ပြီး ပြောင်းလဲမည်ဟု ပါတီသည် ကြွေးကြော်နေလင့်ကစား အမှန်လက်တွေ့တွင် စိန်ခေါ်ချက် ကြီးမားပါသည်။ လူမှုတရားမျှတမှုဟု ပြောရခြင်းသည် လူ့အလွှာတိုင်းတွင် လူမှုတရားမျှတမှု မရှိခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဒီမိုကရေစီဘောင် ချဲ့ရန် တွန်းရခြင်း ဖြစ်သည်။

## စီးပွားရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

- စီးပွားရေးမညီမျှမှုများ၊ ဆင်းရဲချမ်းသာမညီမျှမှုများနှင့် ၎င်းတို့အပေါ် အခြေခံသော ခွဲခြား ဆက်ဆံခံရမှုများနှင့် စပ်လျဉ်း၍ ပါတီတွင် စဉ်းစားချက် ရှိပါသည်။ စီးပွားရေးမညီမျှချိန်တွင် လုပ်သားများသည် လုပ်အားပေါ် ဂုတ်သွေးစုတ်ခံရမှုများကို ခံစားရပါသည်။

- ဖွံ့ဖြိုးတိုးတက်မှုခေါင်းစဉ်ဖြင့် ရင်းနှီးမြှုပ်နှံမှုများသည် လယ်သမားများအတွက် ပိုင်ဆိုင်သော နေရာ အဆုံးရှုံးခံရပြီး အသက်မွေးဝမ်းကြောင်းလုပ်ငန်းသစ် မိတ်ဆက်ပေးခြင်းမရှိ၊ နေစရာ နေရာအသစ် ချပေးခြင်းမရှိသည်တို့ကို ပါတီကိုယ်စားလှယ်များက ထောက်ပြပါမည်။

- စီးပွားရေးအကြပ်အတည်းများသည် မူဝါဒမရှိခြင်း၊ မူဝါဒရှိသော်လည်း မလိုက်နာခြင်း၊ နည်းဥပဒေများကို မလိုက်နာခြင်းတို့နှင့် သက်ဆိုင်နေပါသည်။

**လူမှုရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပါတီတွင် Gender Quota ရှိပါသည်။ မတူညီမှုများအား အားယူလျက် အားလုံးပါဝင်နိုင်စေရန် ပါတီက ရည်ရွယ်ပါသည်။ ဘာသာရေးကိုးကွယ်ယုံကြည်မှုများကို အကြောင်းပြုလျက် နိုင်ငံရေး အကန့်အသတ် ဖြစ်မသွားစေရ။

**နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- လူ့အခွင့်အရေးကို အခြေခံသော နိုင်ငံခြားဆက်ဆံရေးမူဝါဒမျိုးကို ကိုင်စွဲရန် ပါတီက ရည်ရွယ်ပါသည်။ လူတိုင်းလူတိုင်း တန်းတူမှုရှိသည် ဆိုသည့် အခြေခံဖြင့် တန်းတူမှု၊ တရားမျှတမှုနှင့် သွေးစည်းညီညွတ်မှုတို့ကို တန်ဖိုးထားလျက် နိုင်ငံခြားရေးရာ ကိစ္စများကို စဉ်းစားသွားမည် ဖြစ်ပါသည်။

**မြေယာနှင့် သဘာဝ သယံဇာတ**

- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဇယား၅နှင့် ဇယား၂တွင် သဘာဝသယံဇာတများအား ပြည်နယ်များ၏ လုပ်ပိုင်ခွင့်အာဏာသို့ အပ်နှင်းထားသည်ဟု ဆိုနိုင်ပါသည်။ ဘဏ္ဍာရေး ဖက်ဒရယ်စနစ်ဆီသို့ သွားရန် ခြေလှမ်းဖြစ်ပါမည်။ သို့သော် လက်တွေ့တွင် ဗဟိုအစိုးရသည် လုပ်ပိုင်ခွင့်အာဏာ ရယူထားသည်ကို တွေ့ရပါသည်။ ၁၉၄၇ အခြေခံဥပဒေနှင့် ၁၉၇၄ အခြေခံဥ ပဒေများတွင်လည်း ယခုကဲ့သို့ ပြည်နယ်အစိုးရများဆီသို့ လုပ်ပိုင်ခွင့်အာဏာများ အပ်နှင်း သယောင်ယောင်နှင့် နောက်ဆုံးတွင် ဗဟိုအစိုးရကသာ စီမံအုပ်ချုပ်ပါသည်။ ယင်းအချက်သည်ပင် လူမှုစနစ်ဆိုင်ရာ မညီမျှမှု ဖြစ်ပါသည်။

- သဘာဝပတ်ဝန်းကျင်နှင့် ပတ်သတ်၍ ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်၍ ဖြစ်စေ တိုင်းပြည်တွင် ခိုင်မာသော မူဝါဒမျိုး မရှိပါ။ (ပါတီကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲတွင် အနိုင်ရပြီး လွှတ်တော်တွင်း ဝင်ရောက်ခွင့် ရပါက) အဆိုပါအခြေအနေများကို မီးမောင်းထိုးပြပါမည်။ ထို့ကြောင့် ဒီမိုကရေစီဘောင်ကို ချဲ့ရမည်။

- မြေများအတွက် လျော်ကြေးပေးခြင်း အစီအစဉ်များ ရှိရမည်။

## အမျိုးသားဒီမိုကရေစီအင်အားစုပါတီ

**နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- တိုင်းပြည်အား ဖယ်ဒရယ်စနစ်သို့ ဦးတည်ချင်လျှင် ရွေးကောက်ပွဲစနစ်အား အချိုးကျကိုယ်စားပြုစနစ်သို့ ပြောင်းလဲခြင်း မရှိဘဲ မဖြစ်နိုင်ပါ။ များသူယူ၊ နိုင်သူအကုန်ယူသည့် ရွေးကောက်ပွဲစနစ်ဖြင့် ဖယ်ဒရယ်စနစ်သို့ ချီတက်နိုင်ကြောင်း ပါတီက မယုံကြည်ပါ။ ဖယ်ဒရယ်စနစ် ဖြစ်ပေါ်လာရန် ပုဒ်မ ၄၃၆ ပုဒ်မ ၂၆၁ အခန်း၅

တို့ပါဝင်သည့် အာဏာခွဲဝေခြင်းအား ပြင်ဆင်ရပေမည်။ ထိုသို့ ပြင်ဆင်ရန် အချိုးကျကိုယ်စားပြုစနစ်နှင့် ကျင်းပသော ရွေးကောက်ပွဲက ပေါ်ထွက်လာသည့် စစ်မှန်သော ကိုယ်စားပြုမှု လိုအပ်ပါသည်။

- လူနည်းစုများ၊ လူမျိုးကြီးများ၏ ကိုယ်စားပြုမှုနှင့် လွှတ်တော်တွင်း ပါတီစုံဖြစ်မှသာ ဖယ်ဒရယ်စနစ် ဆီသို့ ချီတက်နိုင်ပါမည်။ စစ်မှန်သော ကိုယ်စားပြုမှုများသည် ဖယ်ဒရယ်အတွက် အလွန် အရေးကြီးသည်။ ဖယ်ဒရယ်ကို တရားမျှတစွာ တည်ဆောက်ရန် လိုအပ်ပါသည်။

**ပြည်သူမူဝါဒရေးရာဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ကျွန်ုပ်တို့ ကြိုးပမ်းဆောင်ရွက်သွားပါမည်။

**တရားဥပဒေစိုးမိုးမှုနှင့် တရားရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- လွတ်လပ်ပြီး တရားမျှတသော တရားစီရင်ရေးကဏ္ဍရှိရန်။

**စနစ်ပိုင်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပါတီစုံပါဝင်နိုင်သည့် ပြည်ထောင်စုလွှတ်တော်စနစ်ကို ကျင့်သုံးမည်။

**စီးပွားရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပါတီ၏ မူဝါဒမှာ ဈေးကွက်စီးပွားရေး ဖြစ်သော်လည်း လူတန်းစားကွာဟမှု မကြီးမားစေရန် ဈေးကွက်စီးပွားရေးသို့ တိုက်ရိုက်မသွားစေဘဲ ကြားတွင် Minimum Market Economy တစ်ခု ကြားခံသွားရန် ပါတီက ရည်ရွယ်ပါသည်။

- လယ်လုပ်သူ လယ်ပိုင်ရပါမည်။ လယ်သမားတို့၏ ဘဝလုံခြုံရေးသည် ခိုင်မာရမည်။ လယ်သမားတို့၏ ဘဝလုံခြုံမှုဆိုရာတွင် ၎င်းတို့၏ ပိုင်ဆိုင်မှုများ၊ ကြွေးမြီများအထိ ပါဝင်ပါသည်။ နိုင်ငံကြီးပွား တိုးတက်ရန် လယ်သမားများသည် လူလတ်တန်းစားဝင် ဖြစ်ရပါမည်။

- ဈေးကွက်အား လယ်သမားတို့ဆီ တိုက်ရိုက်ရောက်ရန် စပါးအဝယ်ဒိုင်များ ဖွင့်လှစ်ပြီး စပါးဈေးများ သတ်မှတ်ပေးရမည်။

- စိုက်ပျိုးရေးကို အခြေပြုသော စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လယ်ယာထွက်ကုန်ပစ္စည်းများသည် တန်ဖိုးထပ်ပေါင်းထည့်ထားသည့်ကုန်စည်များ (Value-added Goods) ဖြစ်ရပါမည်။ တန်ဖိုးထပ်ပေါင်းထည့်ထားသည့်ကုန်စည်များကို ထုတ်လုပ်ရောင်းချနိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့် အခြားလိုအပ်သော ဥပဒေတို့ကို ခေတ်နှင့်အညီ ပြန်လည်ပြင်ဆင်ပေးရမည်။

**လူမှုရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ၂၀၁၀ အထွေထွေရွေးကောက်ပွဲ နိုင်ပြီး ပါတီမှ ကိုယ်စားလှယ်များ လွှတ်တော်ထဲ ရောက်စဉ်ကတည်းက အလယ်တန်းပညာမသင်မနေရစနစ်ကို တင်ပြတောင်းဆိုဖူးပါသည်။ သို့သော် မူလတန်းအဆင့်ကိုသာ မသင်မနေရ အဖြစ် အတည်ပြုနိုင်ခဲ့ပါသည်။ မသင်မနေရ အဖြစ် ပြဋ္ဌာန်းရုံဖြင့် မပြီးသေးဘဲ ဆရာ/ဆရာမများ၏ အရည်အသွေးနှင့် အရည်အချင်း တိုးမြင့်စေရန်လည်း အားစိုက်ဆောင်ရွက်သင့်ပါ သည်။

- အလုပ်သမားများ တန်းတူ အခွင့်အရေး ရရှိစေရမည်။

- အလုပ်သမားများ အခွင့်အရေးသာမက အလုပ်အကိုင်အခွင့်အလမ်းများပါ တိုးတက်ကောင်းမွန်စေရ မည်။

**နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပါတီ၏ နိုင်ငံခြားရေးမူဝါဒသည် လွတ်လပ်၍ တက်ကြွသော အမျိုးသားရေးကို အခြေခံပါသည်။ နိုင်ငံ၏ လုံခြုံရေးကို ထည့်သွင်းစဉ်းစားပါသည်။

- နိုင်ငံ၏ အကျိုးစီးပွားနှင့် နိုင်ငံ၏ လုံခြုံရေးကို မျက်နှာမလိုက် မည်သူ၏ လွှမ်းမိုးမှုကိုမှ မခံဘဲ လွတ်လွတ်လပ်လပ် ပူးပေါင်းဆောင်ရွက်မည်။ နိုင်ငံ၏ အကျိုးစီးပွားနှင့် လုံခြုံရေးကို ထိခိုက်လာလျှင် မည်သူ့ကိုမဆို ပါတီက ဆန့်ကျင်သွားမည်။

**မြေယာအရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ ဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- မြေယာပြဿနာများနှင့် ဆက်စပ်၍ တိကျသော အချက်အလက်ဖြင့် လူဦးရေမူဝါဒကို ရေးဆွဲပါမည်။

- သဘာဝပတ်ဝန်းကျင် နှင့်သဘာဝအရင်းအမြစ်များကို အသင့်အတင့် ထုတ်ယူခြင်းဖြင့် ထိန်းသိမ်းပါမည်။

-

## အမျိုးသားတိုးတက်ရေးပါတီ

**နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပြည်ထောင်စုနှင့် သင့်လျော်သော ဒီမိုကရေစီစနစ် ဖြစ်တည်ရေးကို ဟန်ချက်ညီညီ ဆောင်ရွက်ပါမည်။ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး တရားစီရင်ရေး မဏ္ဍိုင်သုံးရပ် အပြန်အလှန် ထိန်းကျောင်းသည့်စနစ်သည် ပါတီ၏ အန္တိမရည်မှန်းချက် ဖြစ်ပါသည်။

- လာမည့်လွှတ်တော်သို့ ပါတီကိုယ်စားလှယ်များ ရောက်သွားလျှင် ပြည်သူများ အမှန် လိုအပ်ပြီး တိုင်းပြည်ကာကွယ်ရေး လုံခြုံရေးစည်းကို မကျော်သော ကိစ္စများအတွက် အခြေခံဥပဒေ ပြင်ဆင်ရန် ပါတီက ထောက်ခံပါသည်။ အခြေခံဥပဒေအား နိုင်ငံတကာစံနှုန်းနှင့်အညီ ပြုပြင်ပြောင်းလဲရန် ပါတီက ရည်ရွယ်ပါသည်။

- ပါတီကိုယ်စားလှယ်လောင်းများ လွှတ်တော်ထဲ ရောက်ပါက ပြည်သူလူထုအတွက် လိုအပ်သော အခြေခံဥပဒေပြင်ဆင်ချက်များအား မဖြစ်မနေ တင်ပြပါမည်။ ဗဟိုချုပ်ကိုင်မှုလျော့ချရေးအား တိုက်တွန်းသွားမည်။ ပြည်နယ်များတွင် နေထိုင်ကြသော ပြည်သူများ၏ လိုအပ်ချက်များအား ပိုမိုဖြည့်ဆည်းပေးနိုင်ရန် ကြိုးစားဆောင်ရွက်သွားမည်။ ခွဲထွက်ရေးမူ မဟုတ်သော စစ်မှန်သော ဖယ်ဒရယ်မူကို ပါတီက လက်ခံပါသည်။ ဒီမိုကရေစီသည် အများးဝါဒဖြစ်ပါသည်။

**ပြည်သူ့မူဝါဒရေးရာဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ဖွဲ့စည်းပုံဇယားအရ စည်ပင်သာယာရေးသည် ဖွံ့ဖြိုးပြီ ဖြစ်သော်လည်း တကယ်လက်တွေ့တွင်မူ ထိရောက်မှုမရှိသော ပုဒ်မများ’ ရှိနေပါသည်။ စည်ပင်သာယာဥပဒေအား မည်သို့ ပြင်ဆင်သင့်သည်ကို ပါတီက တင်ပြနိုင်ပါသည်။ ပြည်သူအတွက် ဝန်ဆောင်မှုပေးသော ပြည်သူကို ဗဟိုပြုသော ဥပဒေမျိုး ဖြစ်ရပါမည်။ သက်ဆိုင်ရာ အစိုးရအဖွဲ့က

(အကျိုးစီးပွားအတွက်)အသုံးပြုပြီး အလုပ်လုပ်လျှင် ရသော ဥပဒေမျိုး မဖြစ်စေရ။ အခြေခံဥပဒေသည် မဏ္ဍိုင်သုံးရပ်အား ဒီမိုကရေစီစံနှုန်းနှင့် အညီ တာ်ပြီး ဖြစ်ပါသည်။

## တရားဥပဒေစိုးမိုးမှုနှင့် တရားရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

- ဥပဒေရေးရာကဏ္ဍတွင် ပြည်သူကို အမှန်အကျိုးပြုသော ဥပဒေများ ဖြစ်ပေါ်လာရေးနှင့် မှန်ကန်သော တရားစီရင်ရေးစနစ် ပီပြင်ထင်ရှားစေရေးတို့ကို ဆောင်ရွက်ပါမည်။

- ဥပဒေအထက်တွက် မည်သူမျှ မရှိစေရ။

## စနစ်ပိုင်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

- ဗျူရိုကရေစီစနစ်တွင် ကောင်းမွန်သော အချက်များဖြစ်သည့် ဝန်ထမ်းအချင်းချင်း ဆင့်ကဲအုပ်ချုပ်ခြင်း၊ အထက်အောက် အပြန်အလှန် လေးစားမှုတို့ကို ပြန်လည် ရယူရမည် ဖြစ်ပြီး ကျန်သည့်အချက်များအား ပြုပြင်ပြောင်းလဲ ယူရပါမည်။ ကောင်းမွန်သော အစိုးရအပြင် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ကိုပါ တည်ဆောက်ယူရပါမည်။ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်အထိ ဦးတည်ဆောင်ရွက်ပါမည်။ ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ အားပြိုင်ကြသည့် ဖယ်ဒရယ်စနစ်အစား ပါတီသည် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ ပူးပေါင်းဆောင်ရွက်ကြသော ဖယ်ဒရယ်စနစ်အား ပိုမိုတွန်းအားပေး ထောက်ခံပါမည်။

## စီးပွားရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

- စီးပွားရေးကဏ္ဍတွင် အခွင့်ထူးခံများကို ပါတီက ငြင်းပယ်ပါသည်။ ပွင့်လင်းမြင်သာမှုရှိပြီး ယှဉ်ပြိုင်မှုအပေါ် အခြေခံသော ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပါမည်။ ကျွမ်းကျင်သော ပညာရှင်များနှင့်အတူ နိုင်ငံတော်၏ အကျိုးစီးပွား အောင်မြင်မှုများအတွက် အကောင်အထည်ဖော်ရန် ပြင်ဆင်ထားပါသည်။

- လယ်ယာကဏ္ဍတွင် သိမ်းဆည်းခံလယ်ယာမြေများအား မူလပိုင်ဆိုင်သူများထံသို့ လက်တွေ့ ပြန်လည်ရရှိစေရန် အာမခံပါသည်။ လယ်သမား၊ ယာသမားများ၏ ဆန္ဒနှင့်အညီ လယ်ယာမြေဥပဒေကို ပြင်ဆင်ရေးဆွဲသွားမည်။ လယ်ယာထွက်ကုန်များအား ဈေးကွက်ရှာဖွေပေးပြီး ထိုက်သင့်သော အကျိုးခံစားမှုများ ရရှိစေရန် ဆောင်ရွက်ပါမည်။

- အလုပ်သမားများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးခြင်း အလုပ်သမားများ အလုပ်လုပ်သလောက် အကျိုးခံစားနိုင်စေရန် ဆောင်ရွက်ပေးခြင်းတို့ဖြင့် အလုပ်သမားများ၏ ဆင်းရဲမှုကို လျော့ကျစေပါမည်။

- အရ-အသုံးငွေစာရင်းတွင် ရငွေတိုးပွားစေရန်နှင့် အရ-အသုံးငွေစာရင်းအား ယခုထက်ပိုပြီး ထိထိရောက်ရောက် ခွဲဝေရန် နည်းနာများကို ပါတီက တင်ပြဆွေးနွေးသွားပါမည်။ ပြည်သူများ တကယ်လိုအပ်သော စီမံကိန်းများအတွက် မှန်ကန်သော အသုံးစရိတ်များ ဖြစ်စေရန် ပါတီကိုယ်စားလှယ်များနှင့် ပါတီသည် အစိုးရထံသို့ အသံတိတ်ခြင်း မရှိစေရဘဲ တင်ပြ ဆွေးနွေးသွားပါမည်။

**လူမှုရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပညာရေးကဏ္ဍတွင် မူလတန်းမှ အထက်တန်းအထိ အခမဲ့ပညာရေးစနစ်အား ဖော်ဆောင်ပါမည်။ အာဆီယံစံနှုန်းများနှင့်အညီ မူဝါဒများ ချမှတ်ဆောင်ရွက်ပါမည်။

- ကျန်းမာရေးကဏ္ဍတွင်လည်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို အခမဲ့ကျန်းမာရေးစနစ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားပါမည်။

- ကျန်းမာရေးအခမဲ့စောင့်ရှောက်မှုအား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ် ဖြစ်စေရန် ပါတီက ရည်ရွယ်ပါသည်။ အဆိုပါရည်ရွယ်ချက်နှင့် ဆက်စပ်နေသော ပြည်တွင်းဆေးထုတ်လုပ်မှုကို တိုးမြင့်ပါမည်။

- တိုင်းရင်းဆေးပညာရှင်များက သုတေသနပြုထားချက်များနှင့်အညီ ပြည်သူတို့၏ လိုအပ်ချက်အတွက် ဖြည့်ဆည်းဆောင်ရွက်သွားမည်။ နယ်လှည့်ဆေးကုရေးအစီအစဉ်များ ပြုလုပ်ပေးမည်။

- ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ အခြေခံအဆောက်အအုံများကို အရ-အသုံးစရိတ်မှ တတ်နိုင်သမျှ မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

- အဆိုပါကျန်းမာေရး စောင့်ရှောက်မှုတွင် ဆွံ့အနားမကြားသူများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်း သူများ ချန်ကျန်ရစ်ခဲ့ခြင်း မရှိစေရ၊ သူတို့သည်လည်း နိုင်ငံ၏ အရင်းအမြစ်တစ်ခုအဖြစ် ပါဝင်ပါသည်။

**နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပါတီ၏ နိုင်ငံခြားရေးမူဝါဒမှာ အမျိုးသားအကျိုးစီးပွားကို အခြေခံသော ဘက်မလိုက်ဝါဒ ဖြစ်ပါသည်။

**မြေယာအရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ ဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- မြန်မာနိုင်ငံ၏ ဒေသတစ်ခုမှ ထွက်သော သဘာဝသယံဇာတသည် မြန်မာနိုင်ငံသားတိုင်း၏ ဘုံပိုင် ဖြစ်ပါသည်။ သို့သော် ပါတီသည် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုတွင် တည်ရှိသော သဘာဝသယံဇာတ သို့မဟုတ် ရင်းမြစ်များကို အသုံးပြုပြီး ရလာသော ပြန်ရချက်များအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များက ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမို ရသင့်ရထိုက်သည်ကို လက်ခံပါသည်။ ထို့အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသည် ရင်းမြစ်ထုတ်ယူ သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသော မမျှော်မှန်းထားသည့် စရိတ်များအတွက် ကိုယ်တိုင် ပေးချေရမည့် အကြောင်းရင်းကြောင့်လည်း အခြားဒေသများထက် ပိုမို ရသင့်ရထိုက်ပါသည်။

## အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်

**နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပါတီက ၂၀၁၅တွင် ပေးအပ်ခဲ့သော ရွေးကောက်ပွဲကတိကဝတ်များသည် မပြီးပြတ်သေးပါ။ ဆက်လက်လုပ်ဆောင်သွားပါမည်။ သမ္မတကြီး၏ အဖွင့်မိန့်ခွန်းပါ ပြည်သူလူထု၏ လူနေမှုဘဝ တိုးတက်ရေးအတွက် လုပ်ဆောင်သွားပါမည်။ ယခုလုပ်ဆောင်ချက်များသည် ၂၀၂၀ တစ်ခုတည်းအတွက် ရည်ရွယ်လုပ်ဆောင်ခြင်းမဟုတ်ပါ။ နိုင်ငံတွင် အုပ်ချုပ်ရေးစနစ်ကောင်း ပေါ်ပေါက်ရေးအတွက် ဦးတည်ပါသည်။ ဗျူရိုကရေစီယန္တရားကြီးသည် ဖောင်းပွနေသည်။ ပုဂ္ဂလိကကဏ္ဍကို မြှင့်တင်ပါမည်။ အဆိုပါမြှင့်တင်မှုသည် လိုအပ်သော ဝန်ထမ်းများကို ဗျူရိုကရေစီယန္တရားမှ စုပ်ယူပြီးနောက် ကြီးကြပ်သူများအဆင့်တွင် ကျွမ်းကျင်သော ဝန်ထမ်းများ ကျန်ရှိမည်။ ထိုအခါ ယန္တရားသည် ကျစ်လျစ်သွားမည်။ အစိုးရက ဝန်ထမ်းများအား လုံလောက်သောလစာ ပေးနိုင်လာမည်။ ၂၀၂၀အလွန်တွင် အစိုးရသည် ပိုမိုကောင်းမွန်အောင် လုပ်နိုင်ပါမည်။ ဝန်ထမ်းများသည်လည်း ဒီမိုကရေစီအပြောင်းအလဲကို လိုက်ပါ ပြောင်းလဲလာပါလိမ့်မည်။

- လက်ရှိနိုင်ငံရေးတွင် တပ်မတော်က ပါဝင်နေသေးသည့်အတွက် အများစုမဲဖြင့် ပါတီက ဆက်လက် ဦးဆောင်ရပါဦးမည်။ ယခုအချိန်သည် ပါတီသည် ပါတီခေါင်းဆောင်၏ ပုဂ္ဂိုလ်ရေးအရှိန်အဝါကို အားကိုးနေရသည်မှာ အမှန်ပင် ဖြစ်ပါသည်။ လာမည့်၅နှစ် ၁၀နှစ်ထဲတွင် ခေတ်ပြိုင်နိုင်ငံရေး အမှန်ဖြစ်လာပါမည်။ ထိုအချိန်တွင် ပါတီစုံစနစ် ဖြစ်လာပါမည်။ လောလောဆယ်တွင် တပ်မတော်၏ နိုင်ငံရေးကဏ္ဍကို ပြောင်းလဲရန် လိုအပ်နေသေးသည်။ နောက်ပိုင်းတွင် ပြည်သူများသည် ပွင့်ပွင့်လင်းလင်း အရည်အချင်း ရှိသည့်အလျောက် ပါဝင်လာနိုင်မည်။

- လုံခြုံရေးတပ်များအား အရပ်သားအစိုးရအောက် ထားရှိရေးသည် ပါတီ၏ ရှုပြီးသားမူ ဖြစ်ပါသည်။

- မြန်မာပြည်တွင် တောင်းဆိုနေသော အချိုးကျကိုယ်စားပြုစနစ်သည် ကမ္ဘာတွင် မည်သည့်နိုင်ငံတွင်မှ ကျင့်သုံးခြင်း မရှိပါ။ တပ်မတော်က လွှတ်တော်တွင်း ၂၅ရာခိုင်နှုန်း ယူပြီး အရပ်သားတို့ ရထားသော ကျန် ၇၅ရာခိုင်နှုန်းကို အချိုးကျယူခြင်းသည် မည်သို့မျှ အဆင်မပြေပါ။ ထို့အပြင် အချိုးကျ ကိုယ်စားပြုစနစ် ကျင့်သုံးသော နိုင်ငံများတွင် အစိုးရသည် အစဉ်အမြဲ အားနည်းချိနဲ့ပါသည်။ တပ်မတော်က လွှတ်တော်တွင်း ၂၅ရာခိုင်နှုန်း မရှိတော့သောအချိန်တွင် အရပ်သား နိုင်ငံရေးအင်အားစုချင်း ဆွေးနွေးလို့ ရပါသည်။

**စီးပွားရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပါတီ၏ စီးပွားရေးမူဝါဒသည် ဈေးကွက်စီးပွားရေးကို အားပြုပါသည်။ ပြည်တွင်းတွင် ရင်းနှီးမြှုပ်နှံမှု အားနည်းသည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို မျှော်လင့်ပါသည်။ ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ရာတွင် လာရောက်ရင်းနှီးမြှုပ်နှံသူများသည် တာဝန်ယူမှု တာဝန်ခံမှု ရှိရမည် ဆိုသည့်အချက်အပါအဝင် မူများ ချမှတ်ထားပါသည်။ ကုလသမဂ္ဂက ချမှတ်ထားသည့်အချက်များ အကုန်ပြန်ပါပါသည်။ ဒေသခံများ၏ သဘောတူညီမှုနှင့် ဒေသခံများအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုများသည်လည်း အပါအဝင် ဖြစ်ပါသည်။

- ဈေးကွက်စီးပွားရေးတွင် နိုင်ငံသားတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရပါမည်။ နိုင်ငံတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများလည်း ရှိပါသည်။ တစ်ချို့နေရာများတွင် နိုင်ငံ၏ နိုင်ငံရေးစနစ်နှင့် ချိတ်ဆက်နေပါသည်။ ဥပမာ စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းများသည် မည်မျှအကျိုးရှိမည်နည်း ဆိုသည့်အချက်အပေါ် မူတည်ပြီး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပါမည်။

**လူမှုရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- နိုင်ငံသားများ၏ နေ့စဉ်လူမှုစီးပွားဘဝ တိုးတက်စေရန် ကြိုးစားဆောင်ရွက်သွားမည်။ ဘာသာရေး လူမျိုးရေးကိစ္စရပ်များသည် လုံးဝ မထိခိုက်မခံပါ။ ဘာသာရေးအစွန်းရောက်များက ဖန်တီးလာနိုင်သော မငြိမ်မသက်မှုများသည် ဒီမိုကရေစီနည်းကျကျ စဉ်းစားလျှင်ပင် ပြဿနာရှိသဖြင့် ဥပဒေနှင့်အညီ ကာကွယ်သွားမည်။

- လူမှုဖူလုံရေးအာမခံသည် စနစ်တကျနှင့် ထိထိရောက်ရောက် လုပ်ဆောင်ရမည့် ကိစ္စ ဖြစ်ပါသည်။ လူထု၏ လိုက်ပါနိုင်မှုနှင့် လူထု၏ ယုံကြည်မှုကို မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားပါမည်။

- လူငယ်နှင့် တိုင်းရင်းသားများကို နေရာပေးမည်ဟု ပါတီက ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။ အမျိုးသမီးသီးသန့်၊ လူငယ်သီးသန့် စွမ်းရည်မြှင့်တင်ရေးသင်တန်းများ ပေးရန် ကြိုးစားနေပါသည်။ အရည်အချင်းပြည့်ဝမှုချင်း တူညီသော် အမျိုးသမီးများနှင့် လူငယ်များအား ပိုမို ဦးစားပေးရေးမှု ရှိသော်လည်း အချိုးအစားသတ်မှတ်ချက် ပြဋ္ဌာန်းရန် မလိုအပ်သေးပါ။

- မြန်မာ့လေ့ထုံးတမ်းတွင် ကျားမတန်းတူညီမျှရေးအား ချိုးဖောက်လျက် အမျိုးသမီးများအား ဖယ်ကျဉ်ထားခြင်းမျိုး မရှိပါ။ အခြေခံဥပဒေတွင် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းများ အတွက် ပြဋ္ဌာန်းချက်များလည်း ရှိပါသည်။ ၎င်းသည်ပင် ပါတီ၏ မူများအနက် တစ်ခု အပါအဝင် ဖြစ်ပါသည်။ ပါတီသည် လောလောဆယ် အခြေအနေအရ အခြေခံအဆောက်အအုံ တည်ဆောက်ရေးအား ပိုမို ဦးစားပေးပါသည်။

- ပါတီသည် လက်ရှိနိုင်ငံရေးအခြေအနေက ခွင့်ပြုသည့်အတိုင်းအတာအရ တန်းတူညီမျှအခွင့်အရေး ရရှိရန် အာမခံပါသည်။

**နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပါတီ၏ နိုင်ငံခြားရေးမူဝါဒမှာ အမှီအခိုကင်းပြီး လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒ ဖြစ်ပါသည်။ မည်သည့်နိုင်ငံကိုမျှ ပုံအပ်အားမကိုးမိရန် သတိထားပါသည်။ လက်ရှိ နိုင်ငံရေးအခင်းအကျင်းတွင် အခြေအနေအရ အိမ်နီးချင်း တရုတ်နိုင်ငံနှင့် ဆက်ဆံရေးတွင် မှီခိုလာရမှုများ ရှိပါသည်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခြားနိုင်ငံများသို့ သွားရောက်ခဲ့သည်ကို တွေ့နိုင်ပါသည်။ ရခိုင်အရေးနှင့် စပ်လျဉ်းသည့် အနောက်နိုင်ငံများ၏ ဖိအားကြောင့် မူဝါဒအရ နိုင်ငံပေါင်းစုံနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလိုသော်လည်း တစ်ဖက်က ဖိအားပေးသည့်အတွက် တစ်ဖက်သို့ ပိုမိုနီးစပ်သွားပါသည်။ ယင်းရလဒ်သည် ပါတီမူဝါဒအပြောင်းအလဲ ကြောင့်မဟုတ်ဘဲ နိုင်ငံရေးအခြေအနေအရသာ ဖြစ်ပါသည်။

**မြေယာအရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ ဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- မြေယာပြဿနာများအား နောက်ဆုံးပြီးမြောက်ရမည့်ရက် သတ်မှတ်ကာ ဆောင်ရွက်နေပါသည်။ ဖြေရှင်းမှု မပြီးသေးသော ပြဿနာများလည်း ရှိနေဆဲ ဖြစ်ပါသည်။ အရင်က တန်ဖိုးမရှိ (တန်ဖိုးနည်းပါးသော) ဖုန်းဆိုးမြေများသည် မြို့နယ်နိမိတ်နား ရောက်လာသဖြင့် တန်ဖိုးတက်လာသည်။ ပိုင်ဆိုင်သူတို့၏ လိုချင်လောဘလည်း မြင့်တက်လာသည်။ အရင်မြေယာဥပဒေများနှင့် လာငြိနေသည်။ အဆိုပါပြဿနာများကို ဥပဒေနှင့်အညီ ဆောင်ရွက်နေပါသည်။ အဆိုပါပြဿနာများကို လာမည့် အစိုးရသက်တမ်းတွင် ပြီးမြောက်အောင် ရှင်းနိုင်မည်ဟု ပါတီက မျှော်လင့်ပါသည်။

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

## နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ

- တောင်သူလယ်သမား၊ အလုပ်သမား၊ ကျေးလက်နေပြည်သူများ စသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးမှသည် တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေး 'ဆီသို့ ဆိုတဲ့ ပါတီဝါဒအတိုင်း လူအများကောင်းစားရေးကို ရည်ရွယ်သည်။

- မြေယာအရေးအတွက် ပြဋ္ဌာန်းထားသော ဥပဒေများ အသက်ဝင်စေရန် ကြိုးပမ်းဆောင်ရွက်ပါမည်။ လယ်မြေ၊ ယာမြေ အသိမ်းခံရသော ပြည်သူများသည် လျော်ကြေး ရရပါမည်.။ စိုက်ပျိုးရေးတွင် အမှန်တကယ် စိတ်ဝင်စားသော လယ်သမားများ ဖြစ်လာစေရန် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အကူအညီများ ပေးအပ်ရမည်။

- မြေယာအသုံးချရေး မူဝါဒ ရှိရမည်။

- တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံတို့ကို အလေးပေးရမည်။

- တိုင်းပြည်အား ဖယ်ဒရယ်စနစ်နှင့် တည်ဆောက်မည်ဆိုလျှင် ရွေးကောက်ပွဲစနစ်အား အချိုးကျ ကိုယ်စားပြုစနစ်ဖြင့် ကျင်းပစေချင်ပါသည်။ ပါတီ၏ အယူအဆမှာ ဖယ်ဒရယ်စနစ်ဖြင့် တည်ဆောက်မည် ဆိုလျှင် ဂိုဏ်းဂဏဝါဒအား ရှောင်ကြဉ်စေချင်သည်။ ဖယ်ဒရယ်စနစ်နှင့်မ ကိုက်ညီသော အခြေခံဥပဒေပြင်ဆင်ရန် လွှတ်တော်ကိုယ်စားလှယ် ၇၅ရာခိုင်နှုန်းကျော် လိုအပ်သည့် ပုဒ်မ၊ ပုဒ်မ ၂၆၁၊ ဘဏ္ဍာရေးနှင့် သဘာဝသယံဇာတဆိုင်ရာ ခွဲဝေမှုများအတွက် အခြေခံဥပဒေပြင်ဆင်မှုများကို ဆောင်ရွက်ရပါမည်။ ပါတီသည် အခြေခံဥပဒေအား လေးစားလိုက်နာသည့် အယူအဆကို လက်ခံပါသည်။

- ဒီမိုကရေစီတွင် သတင်းလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်သည် အရေးကြီးဆုံးဖြစ်ပါသည်၊ မီဒီယာများကလည်း ကျင့်ဝတ်လိုက်နာရပါမည်။ ပါတီ၏ မူဝါဒမှာ ပါတီအား ဝေဖန်သုံးသပ်မှုများအတွက် ပါတီသည် မည်သို့သောအခါမျှ တရားစွဲဆိုမည် မဟုတ်ပါ။

## ပြည်သူ့ရေးရာမူဝါဒများဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ

- ပါတီသည် အဂတိလိုက်စားမှုကို လုံးဝ လက်မခံပါ။

## တရားဥပဒေစိုးမိုးမှုနှင့် တရားရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ

- ပါတီသည် ခေတ်နောက်ကျနေသော (ကိုလိုနီခေတ်ကတည်းက ပြဋ္ဌာန်းခဲ့သည့်) ဥပဒေများအနက် လယ်သမားများနှင့် ပတ်သတ်နေသည့် ဥပဒေများကို ပြန်လည် ပြင်ဆင်ပေးချင်ပါသည်။

- ပျောက်ကွယ်သွားတော့မည့် တိုင်းရင်းသားမျိုးနွယ်စုများအတွက် တိုင်းရင်းသားရေးရာဝန်ကြီးဌာနများ သည် ဥပဒေကြမ်း ရေးဆွဲပြီး လွှတ်တော်သို့ တင်ပြခွင့် ရှိသည့်အတွက် ကြိုးစားကြည့်စေချင်ပါသည်။

## စီးပွားရေးဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ

- ပါတီ၏ စီးပွားရေးမူဝါဒမှာ ချမ်းသာကြွယ်ဝမှုအား ဈေးကွက်နည်းနာဖြင့် တိုးပွားစေပြီး တိုးပွားလာသော ကြွယ်ဝမှုများကို ညီညီမျှမျှနှင့် တရားမျှတစွာ ပြန်လည်ခွဲဝေသည့် Social Market Economy ဖြစ်ပါသည်။

- ကုန်သွယ်ရေးအခြေအနေ တည်ငြိမ်စေရန် နိုင်ငံရေးနည်း၊ သံခင်းတမန်ခင်းနည်းနှင့် ကုန်သွယ်ရေးနည်းနာတို့ဖြင့် ကြိုးစားပါမည်။ နိုင်ငံ၏ လူငယ်များသည် နိုင်ငံခြားထွက် အလုပ်လုပ်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းတွင်

လူငယ်များ၏ စိတ်ပါဝင်စားမှု သိသာစွာကျဆင်းလာမှုသည် တိုင်းပြည်၏ စားနပ်ရိက္ခာလုံခြုံရေးသည် စိုးရိမ်စရာကောင်းပါသည်။

- ပါတီသည် လုပ်သားအင်အား စူးစိုက်အသုံးပြုသည့် စက်ရုံများကို ပြင်ပရင်းနှီးမြှုပ်နှံမှုများဖြင့် လည်ပတ်စေမည့် မူဝါဒကို နှစ်ခြိုက်လက်ခံပါသည်။ စတုတ္ထမြောက်စက်မှုတော်လှန်ရေးကို လက်ခံပါက အခုအချိန်တွင် အလုပ်လက်မဲ့အခြေအနေသည် ပိုမိုဆိုးရွားလာနိုင်ပါသည်။
- လုပ်ငန်းကြီးများ ထမ်းဆောင်ရမည့် လူမှုတာဝန်များသည် ရှိပြီး ဖြစ်ပါသည်။ စီမံကိန်းများအား အကောင်အထည်ဖော်ရာတွင် လုပ်ငန်းကြီးများက ကျင့်ဝတ်နှင့် ညီစေရန် ကြပ်မတ်ဖို့ အရေးကြီးပါသော်လည်း ကြံသမျှ စီမံကိန်းအကုန် ကုန့်ကွက်နေ၍လည်း မဖြစ်နိုင်ပါ။ ရင်းမြစ်ခွဲဝေမှုအား ပါတီက သဘောတူလက်ခံပါသည်။

**နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များ**

- ပါတီ၏ နိုင်ငံခြားရေးမူဝါဒမှာ ဘက်မလိုက် တက်ကြွသော နိုင်ငံခြားရေးမူဝါဒ ဖြစ်ပါသည်။ နိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးကို အာဆီယံလောက်မျှ မဟုတ်ဘဲ ကျယ်ကျယ်ပြန့်ပြန့် ဆက်သွယ်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

## ပြည်သူ့ပါတီ

**နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် လိုအပ်ကြောင်း ပါတီက လက်ခံပါသည်။ တပြိုင်နက် ဆောင်ရွက်နိုင်သော ကိစ္စများ အရေးအရာများလည်း ရှိပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင် အတွင်းမှနေပြီး ဆောင်ရွက်နိုင်သော ကိစ္စအများအပြားသည် ၂၀၁၅မှ အခုအချိန်အထိ မဆောင်ရွက်နိုင်ခဲ့ပါ။ ဤသည်ပင် ပါတီ၏ အခြေခံမူဝါဒ ဖြစ်ပါသည်။
- တစ်နိုင်ငံလုံးအတွက် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှု ရှိရန် လိုအပ်ပါသည်။ ပြည်ထောင်စုဝန်ကြီး ဌာနချင်း ပူပေါင်းဆောင်ရွက်မှု၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအကြား ပူးပေါင်းဆောင်ရွက်မှုတို့ကို ဆိုလိုပါသည်။
- ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရများ၏ တာဝန်ဝတ္တရားများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ တာဝန်ဝတ္တရားများကို အဓိပ္ပါယ်ဖွင့်ဆိုရန် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ခြင်းမရှိဘဲ ဖြစ်နိုင်ပါသည်။
- တိုင်းပြည်၏ ယန္တရားများအား မည်သို့ လည်ပတ်အလုပ်လုပ်စေမည် ဆိုသည့် Vision တစ်ခု လိုအပ်ပါသည်။ အမှန် လက်တွေ့ အကောင်အထည်ဖော်နိုင်ရန်လည်း အရေးကြီးပါသည်။
- ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကြိုးပမ်းမှုများအား မူအရ လက်ခံပါသည်။ သို့သော် အမှန် လက်တွေ့ အောင်မြင်နိုင်ရန် လိုအပ်ပါသည်။ အခြေခံဥပဒေပြင်ဆင်ရန် တပ်မတော်၏ ထောက်ခံမှုသည် လက်တွေ့လိုအပ်ချက် ဖြစ်ပါသည်။ အဆိုပါအခြေအနေတွင် ထိပ်တိုက်တိုးခြင်းသည် အချိန်ကုန်ခံခြင်းသာ ဖြစ်ပါသည်။

- အခြေခံဥပဒေပြင်ဆင်ရေး အရေးကြီးသတဲ့သို့ စီးပွားရေးဘက်တွင် အရေးတကြီး လုပ်စရာများ ဆောင်ရွက်စရာများ ရှိနေပါသည်။ ဥပမာ အာဆီယံစီးပွားရေးအသိုက်အမြုံ AEC နှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ CMEC စသည်တို့ဖြစ်ပါသည်။

- စီးပွားရေးအရ မည်သည့်ကဏ္ဍများကို မည်သို့ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းမည် ဆိုသည့် အားလုံး ညှိနှိုင်းဆွေးနွေးထားသော အမျိုးသားရေးမဟာဗျူဟာ တစ်ရပ် ရေးဆွဲရန် လိုအပ်ပါသည်။ အားလုံး ညှိနှိုင်းဆွေးနွေးပြီး ရလာသော မူဘောင် ဖြစ်သဖြင့် မည်သူ အစိုးရဖြစ်ဖြစ် အဆိုပါမူဘောင်အတွင်းမှ အလုပ်လုပ်နိုင်မည် ဖြစ်ပါသည်။

- မည်မျှသောပါတီက မည်သို့နိုင်နိုင် အမျိုးသားညီညွတ်ရေးအစိုးရအား ၂၀၂၀အလွန် ဖွဲ့စည်းရန် လိုအပ်သည်။ နိုင်ငံရေးအရ မဟုတ်ဘဲ နိုင်ငံက ရင်ဆိုင်နေရသော ပြဿနာများ ဖြေရှင်းနိုင်သူများအား ပညာရှင်ဖြစ်စေ နိုင်ငံရေးသမားဖြစ်စေ အနိုင်ရပါတီက ဖြစ်စေ ဤသို့မဟုတ်သည်ဖြစ်စေ အစိုးရအဖွဲ့တွင်း ခေါ်သုံးရန် လိုအပ်ပါသည်။ ပြည်သူလူထုက ရွေးချယ်လိုက်သော ရွေးကောက်ပွဲအနိုင်ရ ပုဂ္ဂိုလ်များ ပါတီများသည် အမျိုးသားရေးမဟာဗျူဟာ လိုအပ်ကြောင်း လက်ခံအသိအမှတ်ပြုရန် အရေးကြီးပါသည်။ လက်တွေ့အကောင်အထည်ဖော်နိုင်ရန်လည်း အရေးပါပြန်သည်။

**စနစ်ပိုင်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပုံသဏ္ဍာန် ပျက်နေသော ရဲတပ်ဖွဲ့အား ပြန်လည်ဖွဲ့စည်းပါမည်။

**စီးပွားရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- အစိုးရ အရ-အသုံးငွေစာရင်းကို မည်သို့စီမံခန့်ခွဲမည် ဆိုသည့် မှန်ကန်သော နည်းစနစ် မရှိပါ။ အဆိုပါနည်းစနစ်ကို အရင် အဓိပ္ပါယ်ဖွင့်ဆို ရှင်းပြဖို့ အရေးကြီးပါသည်။

- လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တိုင်းပြည်အတွက် အရေးကြီးဆုံး ဖြစ်ပါသည်။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ရန် ပေါင်းစပ်ညှိနှိုင်းရေးစနစ် နှင့် ပြီးပြည့်စုံသည့် စီမံကိန်း ရှိရန် လိုအပ်ပါသည်။ အရင်းအနှီး၊ နည်းပညာ၊ စီမံခန့်ခွဲမှုနှင့် ဈေးကွက်အားနည်းသော စီးပွားရေးအခြေအနေတွင် အားကောင်းလာစေရန်မှာ ပေါင်းစပ်ညှိနှိုင်းရေးစနစ် နှင့် ပြီးပြည့်စုံသည့် စီမံကိန်းတို့ လိုအပ်ပါသည်။

- နယ်စပ်ကုန်သွယ်ရေးတွင် တရုတ်နိုင်ငံနှင့် ကုန်သွယ်သည့်အခါ တစ်ဖက်က အသာစီးအပြည့်အဝနီးပါး ရနေသည့် အခြေအနေကို ပြင်ဆင်ရန် လိုအပ်ပါသည်။

- လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တိုင်းပြည်အတွက် အခြေခံအကျဆုံးကဏ္ဍဖြစ်ပါသည်။ လယ်သမားများ အမှန် အကျိုးခံစားရစေရန် စီမံပေးရပါမည်။ ဤကဏ္ဍတိုးတက်ရန် ပို့ကုန်အမယ်တိုးချဲ့စိုက်ပျိုးခြင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဤကဏ္ဍသို့ ဝင်ရောက်မြှပ်နှံခြင်းဖြင့် နှစ်ဖက် အကျိုးအမြတ် စံစားရစေခြင်း၊ စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ ပေါ်ထွန်းစေခြင်းနှင့် ပေါ်ပေါက်လာသော အခွင့်အလမ်း ဖြစ်သည့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံကို အသုံးပြုလျက် စိုက်ပျိုးကုန်တင်ပို့မှုအား ပမာဏအားဖြင့်သော်လည်းကောင်း အမယ်အားဖြင့်သော်လည်းကောင်း တိုးမြင့်ခြင်းတို့ ဆောင်ရွက်နိုင်ပါသည်။

- တိုင်းပြည်တွင် လုပ်ကွက်ငယ်သော လယ်သမားများက အများစု ဖြစ်ပါသည်။ လုပ်ကွက်ငယ် လယ်သမားများ၏ လူနေမှု အဆင့်အတန်းတိုးတက်စေရေးသည် ပါတီ၏ မူဝါဒ ဖြစ်ပါသည်။ လယ်သမားများ၏ ခေါ်ဈေး

သတ်မှတ်နိုင်အားကို တိုးမြင့်ပေးနိုင်ရန် ဘဏ်များက ကြားဝင်လျက် ဈေးငွေနှင့် အာမခံများ ဖန်တီးနိုင်ပါသည်။ အခုအခြေအနေကို ပြင်ဆင်ရန် လယ်သမားများ၊ ပညာရှင်များနှင့် ညှိနှိုင်းရန် လိုအပ်ပါသည်။

**လူမှုရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပြည်သူအများစုအား အခြေခံကျန်းမာရေးအာမခံစနစ် ပြဋ္ဌာန်းနိုင်ရန် အရေးကြီးပါသည်။
- ပညာရေးကဏ္ဍတွင် မည်သည့်ကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေရန် မည်သည့်ကျွမ်းကျင်မှု ပိုင်ဆိုင်ထားသောသူများကို ပညာရေးမှ မွေးထုတ်ခြင်းနှင့် နီးကပ်သော အနာဂတ်ကာလအတွက် ကြိုတင်ပြင်ဆင်သော လူ့စွမ်းအား အရင်းအနှီးများ မွေးထုတ်စုဆောင်းခြင်း ဟူ၍ ပါတီက ဤမျှ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားပါသည်။
- ပါတီသည် အခြေခံအားဖြင့် ဆိုရှယ်ဒီမိုကရက်ဟု ဆိုနိုင်ပါသည်။ ပါတီသည် တိုင်းပြည်၏ အလုပ်သမားများအတွက် လူမှုဖူလုံရေးအား အကောင်အထည်ဖော်ပါမည်။ အစိုးရဟူသည် ပုဂ္ဂလိကကဏ္ဍချည်း လွှတ်ထား၍ မရပါ။ လိုအပ်သောအခါ လူမှုရေးစနစ် အပြောင်းအလဲများ ဖြစ်ပေါ်စေရန် ထိရောက်သော ခေါင်းဆောင်မှု ပေးရန် လိုအပ်ပါသည်။

**နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပါတီ၏ နိုင်ငံခြားရေးမူဝါဒမှာ ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒ ဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံများ၊ ဝေးကွာသော နိုင်ငံကြီးများ နှစ်ခုစလုံးနှင့် ပြေလည်ရန် ရင်းနှီးချစ်ခင်ရန် ပါတီက အားပေးပါသည်။ အနောက်ကမ္ဘာက အလေးထားသော လူ့အခွင့်အရေးစံနှုန်းများအား မြန်မာနိုင်ငံကလည်း အလေးထားကြောင်း ပြသရန် လိုအပ်ပါသည်။
- တစ်ချိန်တည်းမှာပင် လူဦးရေး အလွန်ထူထပ်သည့် နိုင်ငံများအကြားတွင် ပထဝီဝင်အနေအထားအရ တည်ရှိနေခြင်းကြောင့် မြန်မာနိုင်ငံသည် ကိုယ်ပိုင်အမျိုးသားသရုပ်လက္ခဏာကို ထိန်းသိမ်းရန် လိုအပ်ပါသည်။ အချုပ်အခြာအာဏာကို ထိန်းသိမ်းရန် လိုအပ်ပါသည်။ ဒေသခံတိုင်းရင်းသားများ ကွဲပြားခြင်းကြောင့် ပြည်ထောင်စုတည်ထောင်ရန် စိန်ခေါ်မှုမှာ ကြီးမားနေဆဲ ဖြစ်ပါသည်။ နိုင်ငံတွင်းတွင် နှစ်ပေါင်းများစွာ ပြောင်းရွှေ့နေထိုင်ရုံမျှနှင့် တိုင်းရင်းသားဂုဏ်ဒြပ် တောင်းဆိုခြင်းသည် မီးလောင်ရာ လေပင့်ခြင်း ဖြစ်ပါသည်။

## ပြည်သူ့ရှေ့ဆောင်ပါတီ

**နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ**

- ပါတီ၏ မူဝါဒမှာ ပြည်သူတို့၏ လူမှုစီးပွားဘဝကို ဦးတည်ပါသည်။ မူဝါဒအကောင်အထည်ဖော်ရန် အတားအဆီးများနှင့် မူဝါဒချင်း ချိတ်ဆက်မှုကို ထည့်သွင်းစဉ်းစားလျက် မူဝါဒတစ်ခုနှင့် တစ်ခု ချိတ်ဆက်ထားပါသည်။
- နိုင်ငံရေးကဏ္ဍတွင် ဖယ်ဒရယ်နှင့် ပတ်သတ်လျှင် နိုင်ငံတည်ဆောက်ရေးအမြင်နှင့် ချဉ်းကပ်ပါသည်။
- ပါတီတွင် ကဏ္ဍအလိုက် မူဝါဒများ ချမှတ်ထားပြီး ဖြစ်ပါသည်။ တာဝန်ယူမည်ဟု စဉ်းစားပြီးနောက် အစီအစဉ် ပြင်ဆင်ပြီး ဖြစ်ပါသည်။

- ငြိမ်းချမ်းရေးနဲ့ တိုင်းရင်းသား ရေးရာ ကဏ္ဍအား နိုင်ငံရေးမူဝါဒတွင် ရေးဆွဲပြီး ဖြစ်ပါသည်။ နိုင်ငံရေးကဏ္ဍအတွက် ပါတီ၏ မူဝါဒမှာ ဗဟို အုပ်ချုပ်မှု ဖြေလျှော့ရေး ဖြစ်ပါသည်။

- ပါတီ၏ မူဝါဒမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဖြစ်ပါသည်။ အဆိုပါမူဝါဒအောက်တွက် လက်တွေ့ အကောင်အထည်ဖော်ရန် အဆင့်အလိုက် မူဝါဒရေးဆွဲပြီး ဖြစ်ပါသည်။ ပါတီတွင်းကျွမ်းကျင် မရှိပါက ပြင်ပကျွမ်းကျင်ပညာရှင်ထံမှ အကြံရယူလျက် မူဝါဒ ရေးဆွဲပါသည်။

- တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ အစိုးရများ ထိန်းချုပ်ခွင့် ရှိသည် ရင်းမြစ်များနှင့် အာဏာများသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မမျှတပါ။ နောက်ဆက်တွဲဇယား၁အောက်မှ ရှိသော လုပ်ပိုင်ခွင့်အချို့ကို ဇယား၂အောက်သို့ ရွှေ့ပြောင်းရေး ကြိုးပမ်းရန် ပါတီက စဉ်းစားထားပါသည်။

- ငြိမ်းချမ်းရေးကိစ္စတွင် ပါတီသည် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များ၊ အုပ်စုနှစ်အုပ်စုလုံး၏ ဖြစ်တည်မှုနှင့် အရေးပါမှုကို အသိအမှတ်ပြုပါသည်။ စေ့စပ်ညှိနှိုင်းခြင်းနည်းဖြင့် အဖြေရမည်ဟု ပါတီက ယုံကြည်ပါသည်။ တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းများကို စောင့်ရှောက်နိုင်ရန် လိုအပ်သည့် ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပါတီက ထောက်ခံပါသည်။

## ပြည်သူ့မူဝါဒရေးရာဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

- လက်ရှိနိုင်ငံ၏ ကဏ္ဍတိုင်းတွင် မှန်ကန်သောနည်းလမ်းဖြင့် သမာသမတ်ကျကျ အဆင့်ဆင့် ပုဂ္ဂလိကပိုင် ပြောင်းရန် လိုအပ်နေပါသည်။ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုကဲ့သို့ အရှုံးပေါ်နိုင်သော ဝန်ဆောင်မှုမျိုးကိုမူ နိုင်ငံတော်က ပြဋ္ဌာန်းပေးရန် လိုအပ်ပါသည်။

- အစိုးရက ပဲ့ကိုင်နေရာဝင်ပြီး ထိန်းကျောင်းကာ ပုဂ္ဂလိကလုပ်ငန်းများအား လုပ်ကိုင်ခွင့် ပြုခြင်းမျိုးလည်း ရှိနိုင်ပါသည်။

## စီးပွားရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

- ပါတီ၏ မူဝါဒမှာ ပြည်သူတို့၏ လူမှုစီးပွား ကောင်းမွန်ရေးကို ဦးတည်ပါသည်။

- ပါတီသည် မူဝါဒများအား ကဏ္ဍများ ချိတ်ဆက်စဉ်းစားပါသည်။ ပညာရေးနှင့် လုပ်သား၊ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်၊ ကျွမ်းကျင်ပညာရှင်များအား ဖိတ်ပြီး ဆွေးနွေးပွဲ ပြုလုပ်ပြီးမှ မူဂါဒအကြမ်း ပြုလုပ်ပါသည်။

- စီးပွားရေးလုပ်ငန်းများလုပ်ကိုင်လွယ်ကူမှုဆိုင်ရာစစ်တမ်းတွင် ကြည့်လျှင် မြန်မာနိုင်ငံသည် ချေးငွေလမ်းကြောင်းတွင် အားနည်းပါသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများသည်လည်း ချေးငွေရရန် အခက်တွေ့ကြရသည်။ JICA 2 Step Loan, SME Center စသည်ဖြင့် ကြိုးပမ်းသော်လည်း စည်းကမ်းချက်များက လုပ်ငန်းများအတွက် ချေးငွေယူရန် အခက်အခဲ ရှိနေပါသေးသည်။ မူဝါဒအား ပြည်သူလူထုလက်ထဲ ပို့ဆောင်ရာတွင် အခက်ခဲနေသည်။

- ပါတီသည် လုပ်အားအခြေပြုစက်မှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ရွှေ့ပြောင်းအလုပ် လုပ်ကိုင်မှုဆိုင်ရာ မူဝါဒများ ချမှတ်ထားပါသည်။ အလုပ်သမားများအား လေ့ကျင့်သင်ကြားပေးမှုသည် မြန်မာနိုင်ငံတွင် အနည်းဆုံး ဖြစ်နေပါသည်။ အဆိုပါလေ့ကျင့်သင်ကြားပေးမှုများအား တိုးမြှင့်ရန် ပါတီက စဉ်းစားထားပါသည်၊

- အလုပ်သမားတို့၏ ကောင်းကျိုးအတွက် လုပ်သားရေးရာ မူဝါဒ၊ နှင့် အိမ်ရာမူဝါဒကို ချိတ်ဆက်စဉ်းစားပါသည်။

- ပို့ကုန်မြှင့်တင်ရေးတွင် ပါတီက အိမ်နီးချင်းနိုင်ငံ ပို့ကုန်မြှင့်တင်ရေးကို ပိုမိုဦးစားပေးပါသည်။ အခုမဖန်တီးသေးသော ပုံမှန်ကုန်သွယ်ရေး Normal Trade ကို ပါတီသာ အာဏာရပါက သေချာပေါက် ဖန်တီးနိုင်ပါသည်။

- အခွန်စနစ်သည် ပြန်လည်သုံးသပ်စရာ အများအပြား ရှိပါသည်. ပေးသင့်ပေးထိုက်သော အခွန်များကို ထမ်းဆောင်ခြင်း ရှိမရှိ၊ ဒီဂျစ်တယ်နည်းပညာကို အခွန်စနစ်တွင် အသုံးပြုခြင်း၊ စွန့်ဦးတင်ထွင်မှုကို အားပေးသည့် အခွန်စနစ်ဖြစ်စေခြင်း၊ အခွန်ထမ်းဆောင်ရန် လွယ်ကူစေခြင်း စသည်ဖြင့် အခွန်စနစ်အား ပြန်လည်သုံးသပ်ပြီး တဖြည်းဖြည်းချင်း တိုးတက်စေရပါမည်။

- အချို့သောကဏ္ဍများတွင် နိုင်ငံတော်က ဦးဆောင်ရမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍက သုတေသနမပြုနိုင်ပါ။ နိုင်ငံတော်ကသာ တာဝန်ယူရပါမည်။

## လူမှုရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

- ပါတီ၏ မူဝါဒများတွင် ပညာရေးနှင့် အလုပ်သမားရေးမူဝါဒ လူမှုရေးနှင့် မသန်စွမ်းများ၊ TEVETများ၊ ပညာရေးနှင့် လုပ်သားများ လေ့ကျင့်ရေး၊များ ချိတ်ဆက်ထားပါသည်။

- လူမှုရေးမူဝါဒတွင် မသန်စွမ်း၊ အမျိုးသမီး၊ ကလေးသူငယ်များကို လူမှုကာကွယ်ရန် ထည့်သွင်းရေးဆွဲထားပါသည်။

- အမျိုးသမီးခေါင်းဆောင်မှုကို အားပေးမြှင့်တင်ရန် နယ်ပယ်သုံးခု ရှိပါသည်။ နိုင်ငံတော်၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အိမ်ထောင်စုများ ဖြစ်ပါသည်။ နိုင်ငံတော်သည် အာဏာအမြင့်ဆုံးဖြစ်သည်။ နိုင်ငံတော်က ဥပဒေများ နည်းဥပဒေများ ပြဋ္ဌာန်းခြင်း မူဝါဒများ ချမှတ်ခြင်း၊ တို့ဖြင့် အမျိုးသမီးများ ခေါင်းဆောင်မှုကို အားပေးမြှင့်တင်ရပါမည်။

- ပါတီသည် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ကို အားပေးထောက်ခံပါသည်၊ မတူကွဲပြားမှုများကို လေးစားသွားမည် ဖြစ်ပြီး လူနည်းစုအခွင့်အရေးများကို မြှင့်တင်သွားပါမည်။

## နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

- ပါတီ၏ နိုင်ငံခြားရေးမူဝါဒမှာ ဘက်မလိုက် ဝါဒဖြစ်ပါသည်။ စီးပွားရေး၊ နိုင်ငံရေးနှင့် စစ်ရေးအားဖြင့် နိုင်ငံ့အတွက် အကျိုးအမြတ်ရမည့်ဘက်ကို ယိမ်းပါမည်။ ပြည်တွင်းနိုင်ငံရေးနှင့် နိုင်ငံတကာနိုင်ငံရေးအကြားတွင် ချိန်ဆတွက်ချက်ပြီး ဆုံးဖြတ်သွားပါမည်။

## မြေယာအရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ ဆိုင်ရာ ရွေးကောက်ပွဲ ကတိကဝတ်များ

- မိုးလေဝသကြိုတင်သတိပေးမှုနှင့် ကယ်ဆယ်ရေးအစီအစဉ်များ ကြိုတင်၍ ဆောင်ရွက်ခြင်း၊ ရေကြီးနစ်မြုပ်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် မလိုလားအပ်သည့် ဘေးအန္တရာယ်များကို မဖြစ်ပေါ်စေရန် ထိန်းသိမ်းစောင့်ရှောက်သွားမည်။

- သဘာဝအန္တရာယ်ကို မထိခိုက်စေသော အခြားအစားထိုးလောင်စာများကို သုံးစွဲခြင်း၊ ပြည်သူ့ကျန်းမာရေးစနစ်၊ ရေနှင့် မိလ္လာ စနစ်၊ သစ်တောများကို စည်းကမ်းမဲ့ ခုတ်၍ သစ်ထုတ်လုပ်ခြင်း၊ ထင်းမီးသုံးစွဲခြင်း၊

တောင်ယာခုတ်ခြင်း၊ မြို့ပြလမ်းတံတားနှင့် စက်ရုံအလုပ်ရုံများ တိုးချဲ့တည်ဆောက်ခြင်းများကြောင့် သစ်တောများ ပြုန်းတီးပြီး ရာသီဥတုမှန်ကန်မှုမရှိပဲ ပူလွန်း၊ အေးလွန်းခြင်း စသည်တို့ကို ပညာပေးဆောင်ရွက်သွားမည်။

- စွန့်ပစ်ပလတ်စတစ်အမိုက်များကို ပြန်လည်သုံးစွဲခြင်း၊ လျော့ပေါ့သုံးစွဲခြင်း၊ ပြန်လည် အသွင်ပြောင်းသုံးစွဲခြင်း နည်းလမ်းများဖြင့် စီးပွားရေးအရ တွက်ချေကိုက်ပြီး ပတ်ဝန်းကျင်ကို မထိခိုက်သော အမယ်များကို အစားထိုးသုံးစွဲနိုင်ရေး။

- သဘာဝသယံဇာတကို ဖက်ဒရယ်စနစ်ဖြင့် ခွဲဝေကျင့်သုံးနိုင်ရေးမူကို ပြဋ္ဌာန်းနိုင်ရန်အတွက် အစိုးရ အဆင့်တိုင်း၏ အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်များ ရှင်းလင်းစွာ သတ်မှတ်ဆောင်ရွက်သွားရန် လက်တွေ့ အကောင်အထည်ဖော်ခြင်းနှင့် လက်တွေ့ အကျိုးဖြစ်ထွန်းနိုင်စေရန် တိုက်တွန်းဆောင်ရွက်သွားမည်။

- သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်စေရန်အတွက် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်း အကောင်အထည်ဖော်နိုင်ရေး၊ တတ်သိပညာရှင်များ၊ ဒေသခံများ၊ အရပ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည်။

- ဥပဒေ စည်းမျဉ်းများချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း အဆင့်ဆင့်တွင် ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများ စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားမည်။

ကနဦးအစီရင်ခံစာအတွက် အချက်အလက်ကောက်ယူမှုကို ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလမှစတင်ခဲ့ပြီး အောက်ဖော်ပြပါ ပါတီများ၏ ရွေးကောက်ပွဲဆိုင်ရာ ကတိကဝတ်များမှာ ဆွေးနွေးမှုဖြစ်စဉ်တွင်သာ ရှိနေသေးသည့်အတွက် ယခုလေ့လာမှုတွင် ထည့်သွင်းသုံးသပ်နိုင်ခြင်းမရှိပါ၊ နောက်ဆုံးအစီရင်ခံစာတွင်သာ ထည့်တွက်စဉ်းစားနိုင်ပေမည်။

## ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ

ရွေးကောက်ပွဲကတိကဝတ်များ ချမှတ်ပြီးသား ရှိသော်လည်း အချိန်မကျသေးတဲ့အတွက် နောက်နောင် အချိန်အခါသင့်ရင် ရွေးကောက်ပွဲကတိကဝတ်များ ထုတ်ပြန်သွားမည် ဖြစ်ပါသည်။